ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 10 November 2017 ၉၁၀၄



တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအား

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

အမျိုးသားစာပေဆုနှင်းသဘင် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်
စာမျက်နှာ - ၇

UEHRD ၏ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကိုးဖွဲ့ တစုတစည်းတည်း ရခိုင်ပြည်နယ် အစိုးရနှင့် သွားရောက်တွေ့ဆုံမည်
စာမျက်နှာ - ၈

အင်းဝခေတ် ဗိသုကာလက်ရာများ လေ့လာနိုင်သော လေးထပ်ကြီးဘုရားသို့ ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လေ့လာမှုများပြား
စာမျက်နှာ - ၁၆

ကံပြားကြီးကျေးရွာရှိ ရက်ကန်းအလုပ်သမားများ အခြား လုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်
စာမျက်နှာ - ၁၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်သမ္မတတို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ထရမ်ဒိုင်ကွမ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၉**

အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရမ်ဒိုင်ကွမ်နှင့် ယနေ့ ညနေ ၆ နာရီတွင် ဒါနန်းမြို့ရှိ ဒါနန်း Administration Center ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန်၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ ကုန်သွယ်ရေးတိုးမြှင့်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန်တို့ကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့



# ကြေးမုံ

## အဖိုးအနဂ္ဃထိုက်တန်သည့် လူ့ဘဝ

"မနုဿတ ဘာဝေါ ဒုလ္လဘော" ဟူသည့် တရားတော်နှင့်အညီ အလွန်ရခဲသောဘဝမှာ လူ့ဘဝဖြစ်သည်။ မျက်စိကန်းနေသည့် လိပ်တစ်ကောင်သည် အနှစ်တစ်ရာတွင် တစ်ကြိမ်သာ ပင်လယ်သမုဒ္ဒရာ ရေပြင်ထက်သို့ ဦးခေါင်းပေါ်ပြီး သမုဒ္ဒရာတွင် မျောပါနေသော ထမ်းပိုးတုံးအပေါက်သို့ စွပ်မိသည့် "လိပ်ကန်း ထမ်းပိုး" ကဲ့သို့ လူအဖြစ် ကြုံကြိုက်ရန်မှာ ထိုဥပမာကဲ့သို့ ခက်ခဲလှသည်။

တစ်ဖန် လက်သည်းပေါ်ရှိ မြေမှုန်နှင့် မဟာပထဝီမြေကြီးပေါ်မှ မြေမှုန်တို့ မနှိုင်းယှဉ်အပ်ပုံ ဥပမာကဲ့သို့ လက်သည်းတစ်ကော်မျှရှိသည့် လူ့ဘုံနှင့် အပါယ်လေးဘုံတို့ ပမာဏကွာခြားပုံကို မြတ်စွာဘုရားရှင် ဟောကြားထားပါသည်။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတွင် လူဖြစ်ရန် ခဲယဉ်းသလို လူ့ဘဝ ပမာဏမှာလည်း နည်းပါးလွန်းပါသည်။

အဆိုပါ လူအဖြစ် တရားများကို ဗုဒ္ဓဘာသာဝင်စစ်စစ်တို့အနေဖြင့် သိရှိနားလည်နိုင်ကြသော်လည်း များထိုလူတို့မှာမူ သိရှိနားလည်နိုင်စွမ်း နည်းပါး၍လော၊ အယူမှား၍လော မဆိုနိုင်ပါချေ။ ကမ္ဘာမြေပြင်တွင် လူအများ တိုးပွားများပြားလွန်းသောကြောင့် လောကမျက်မြင်အရ ကြည့်လျှင် လူဖြစ်ရလွယ်ကူလှသည်ဟု ဆိုချင်သူက ဆိုမည်ဖြစ်သည်။ စကြဝဠာ အနန္တ လောကဓာတ်တစ်ခွင်လုံးနှင့်ကြည့်မည်ဆိုလျှင် လူအဖြစ် စစ်စစ်ရှိနေသည်မှာ မြတ်စွာဘုရား ဟောကြားထားသကဲ့သို့ လက်သည်းတစ်ကော်စာမျှသာ ရှိနေသည်မှာ အမှန်တရားဖြစ်ပါသည်။

သတ္တဝါအနန္တတို့တွင် မိမိတို့ လူသားများလည်း ပါဝင်ပါသည်။ သံသရာတစ်ခွင်ရှိ လူ၊ တိရစ္ဆာန်၊ အပါယ်လေးဘုံ စသည်တို့တွင် အလုံးစုံသော သတ္တဝါအားလုံး ကျင်လည်နေကြရပါသည်။ သံသရာလည်နေကြရပါသည်။ သင်နှင့်အနီးဆုံး မြေပြင်ပေါ်မှ ကြီးကြီး၊ သေးသေး သတ္တဝါတို့၏ ပမာဏကို မှန်းဆကြည့်မည်ဆိုပါက လူနှင့်သတ္တဝါ မည်သည့်အရာက ပိုများမည်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။ လူထက် သတ္တဝါအရေအတွက်မှာ ပိုများမည်ဖြစ်၍ လူ့ဘဝမှာ ရခဲသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

မိမိတို့ မည်သည့်မိဘထံသို့ မည်သို့ပင်ရောက်လာသည်ဖြစ်စေ လူဟူ၍ဖြစ်လာသည်မှာ ထူးခြားသည့် ကံ၊ ကံ၏အကျိုးပေးကြောင့်သာ လူဖြစ်လာရခြင်းဖြစ်ပါသည်။ မိမိဘဝမှာ နိမ့်ကျပါသည်ဟု လူမတန်ကံပုံချ၍လည်း မဖြစ်သင့်ချေ။ မိမိဘဝမှာ ကံကောင်းလှပါသည်ဟုလည်း အထင်မရောက်သင့်ချေ။ လက်ရှိဘဝ၏ ကောင်းဆိုးနှစ်တန်မှာ မိမိအပေါ်တွင်သာ မူတည်နေပါသည်။ မည်သည့်အနေအထားရှိရှိ ဆိုးသောကံ၊ ကောင်းသောကံကို ပစ္စုပ္ပန်အချိန်တွင် မိမိကိုယ်တိုင် ဖန်တီးနိုင်သော အခွင့်အရေး ရှိနေသောကြောင့်ဖြစ်သည်။

လောကုတ္တရာ အလိုအရကြည့်လျှင် ပိုင်ဆိုင်ထားသော လက်ရှိဘဝသည် ရပ်ပြစ်ရှစ်ပါး ကင်းလွတ်ပြီး ဘဝဂုဏ်ရည်တက်ကြောင်း အကြောင်းတရားများနှင့် ပြည့်စုံနေသော ရတောင့်ရခဲ လူ့ဘဝကြီး ဖြစ်ပါသည်။ ငြိမ်းအေးရာအစစ်အမှန် သာသနာနှင့်လည်း ကြုံကြိုက်နေပါသည်။ ကြိုးပမ်းအားထုတ်ပါက ဒုက္ခဆင်းရဲ သံသရာမှ လွတ်မြောက်နိုင်သော ဝိမုတ္တိကာလနှင့်လည်း ကြုံကြိုက်နေပါသည်။ လောကီအလိုအရ ကြည့်လျှင် ယခုဘဝတွင်ပင် မိမိလိုရာခရီးလမ်းသို့ မှန်မှန်ကန်ကန် ကြိုးပမ်းအားထုတ်နိုင်လျှင် ကံအကျိုးပေးအလျောက် ထိုက်သင့်သလို ရရှိပိုင်ဆိုင်နိုင်ပါသည်။

ထို့ကြောင့် လူအဖြစ် ကြုံရဆုံရခဲသော လက်ရှိဘဝတွင် မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိနိုင်ငံအတွက် အကျိုးများအောင် ကြိုးစားနိုင်ပါသည်။ ရရှိထားသော ကာလသည် မိမိအတွက် မိမိဘဝအတွက် အလွန်တန်ဖိုးကြီးမားပါသည်။ ရရှိထားသော ဘဝသည် မိမိသံသရာအတွက် အဆုံးအဖြတ်ပေးနိုင်ပါသည်။ ရရှိထားသော လူ့ဘဝကို အချည်းနှီး၊ တန်ဖိုးမဲ့၊ ညစ်ထေးအောင် မပြုလုပ်သင့်ချေ။ ပြုလုပ်ပါက လက်သည်း တစ်ကော်စာဘဝမှ ကမ္ဘာမြေမှုန် ပမာဏဘဝသို့ ရောက်သွားနိုင်ပါသည်။

လက်ရှိပိုင်ဆိုင်ထားသော လူ့ဘဝသည်သာ မိမိဘဝကို အဆုံးအဖြတ်ပေးနိုင်သော အဖိုးအနဂ္ဃထိုက်တန်သည့် လူ့ဘဝ၊ အဖိုးအနဂ္ဃထိုက်တန်သည့် လူ့ဘောင်လောက ဖြစ်နေသည်ကို အထူးသတိချပ်သင့်ပါသည်။ ။

## သစ်တောမြေအတွင်း မှီတင်းနေထိုင်သူများ၏ မြေယာနှင့် အရင်းအမြစ်ဆိုင်ရာလုပ်ပိုင်ခွင့် တိုးတက်စေခြင်း စီမံကိန်းဆိုင်ရာ ကျွမ်းကျင်သူစကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**



အကျိုးသက်ဆိုင်သူများ အားလုံး ပူးပေါင်းပါဝင်၍ မူဝါဒ၊ ဥပဒေနှင့် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် သစ်တောမြေအတွင်း မှီတင်းနေထိုင်သူများ၏ မြေယာနှင့် အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်တိုးတက်စေခြင်း စီမံကိန်းဆိုင်ရာ ကျွမ်းကျင်သူစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီက အမရာဟိုတယ်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြောင်းလဲလာသည့် နိုင်ငံရေး၊ လူမှုစီးပွားရေး အခြေအနေများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိရှိ ထိရောက်မည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ပြည်သူများ ထိရောက်စွာ ပါဝင်နိုင်စေရန်အတွက် မူဝါဒနှင့် ဥပဒေများ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် လက်ရှိ အနေအထားထက် ပိုမိုအားကောင်းစွာ ဖြစ်ထွန်းတည်ရှိစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

သစ်တောမူဝါဒ၏ ပဓာနကျသည့် အခြေခံအချက် (၆)ချက်အနက် အမှတ်စဉ်(၅)တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ၁၉၉၅ ခုနှစ် သစ်တောမူဝါဒတွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်းတောများ၊ ၁၀ ရာခိုင်နှုန်းကို ဘေးမဲ့တောနှင့် သဘာဝတော နယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရန်၊ ၂၀၃၀ ပြည့်နှစ်တွင် အဆိုပါ ရည်မှန်းချက်ကို ပြည့်မီနိုင်စေရန်နှင့် လက်ရှိတွင် အမြဲတမ်းသစ်တောနယ်မြေ ၂၄ ဒသမ ၈၉ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅ ဒသမ ၇၉ ရာခိုင်နှုန်းကို ဖွဲ့စည်းပြီးဖြစ်သည်။

FAO, Forest Resources Assessments (FRA2015) အရ နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိသဖြင့် သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းကို ရေးဆွဲပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်ကာ အကောင်အထည်ဖော်လျက်ရှိသည်။

၂၀၁၃ ခုနှစ် ကြိုးဝိုင်းကျူးကျော်မှု စာရင်းများအရ ကျူးကျော်နေထိုင်သူ ၁ ဒသမ ၃ သန်းကျော်နှင့် ရွာမြေ၊ သာသနာနှင့် အများပိုင်မြေ၊ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများမှာ ဧက ၁ ဒသမ ၈ သန်းကျော်ခန့်ရှိသည်။ ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းသည့်အခါ ဆိုင်ရာဆိုင်ခွင့်နှင့် အမွေဆက်ခံပိုင်ခွင့်တို့အား ပြန်လည်ဆန်းစစ်ပေးခြင်း၊ ဒေသခံများ၏ မြေနှင့် သစ်တောသယံဇာတ အသုံးပြုခွင့်များအပေါ် ဥပဒေအရ အသိအမှတ်ပြုမှုရရှိစေရေး ဒေသခံပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းစဉ် လွယ်ကူစေပြီး သစ်တောမြေများ တိုးချဲ့ဖွဲ့စည်းနိုင်ရေး အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ဆွေးနွေးပွဲများမှ ရရှိလာသောရလဒ်များသည် သစ်တောမူဝါဒနှင့် ဥပဒေများကို သုံးသပ်ဆောင်ရွက်ချိန်တွင် ထည့်သွင်းအသုံးပြုသွားနိုင်မည်ဖြစ်ပြီး စကားဝိုင်းဆွေးနွေးပွဲမှ ကျွမ်းကျင်ပညာရှင်များ၏ အမြင်များကို သုံးသပ်ကာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို ဖော်ထုတ်နိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားသည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် တက်ရောက်လာသူများက ဦးစားပေးခေါင်းစဉ် ငါးခုကို ရွေးချယ်ပြီး အဖွဲ့ငယ်အလိုက် ကျွမ်းကျင်သူစကားဝိုင်း ဆွေးနွေးခြင်း၊ ဆွေးနွေးသုံးသပ်ချက်များအပေါ် အခြေခံ၍ နောက်တစ်ဆင့် လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်း၊ ဆွေးနွေးမှုအနှစ်ချုပ်အား ပြန်လည်သုံးသပ် တင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြေတိုင်းဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၂၀၀၀ | - | ၉၃၂၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၂၀၀၀ | - | ၉၃၂၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၄၅/၇၅၅ ကျပ်၊ | ၇၇၅/၇၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၅/၈၀၀ ကျပ်၊ | ၈၉၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၀၅/၈၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၁၅/၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၂၅/၇၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၃. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၂၅၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃. ၀၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၄၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၈. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၅၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၇. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




**သစ်တောသစ်ပင် တို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၉**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ စင်ကာပူ-မြန်မာ သက်မွေးသင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေနှင့် လူငယ်များ အလုပ်အကိုင်ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရမ်ဒိုင်ကွမ်၏ ဖိတ်ကြားချက်အရ ဒါနန်းမြို့တွင် ကျင်းပမည့် အာဆီယံနိုင်ငံ ခေါင်းဆောင်များနှင့် အာရှ - ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်)အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေး၏ ဖိတ်ကြားချက်အရ မနီလာမြို့တွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာ အမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြရာ ဒါနန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး CHU NGOC ANH၊ ဒါနန်းမြို့ပြည်သူ့ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် ဒါနန်းမြို့ရှိ Premier Village Resort သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အဖွဲ့ဝင်အဖြစ် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ကျန်အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးကျော်ဝင်းတို့သည် နိုဝင်ဘာ ၁၁ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ထပ်မံလိုက်ပါသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဗီယက်နမ်နိုင်ငံမှ တာဝန်ရှိသူများက ဒါနန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။**

### ❂ ရွှေဖုံးမှ

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်သမ္မတနှင့်အတူ ဗီယက်နမ်အစိုးရအဖွဲ့ရုံးဝန်ကြီး မစ္စတာ ဒါအော့ဗီယက်ကျုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒန်းဒင့်ကွီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒေါ့ထန်ဟိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

### ❋ မန္တလေးမှ

မြန်မာနိုင်ငံတွင် ကမ္ဘာ့မိုးလေဝသအစီအစဉ်ဖြင့် ၁၉၇၄ ခုနှစ်တွင် ကျောက်ဖြူမြို့၌ မင်းပြင်မုန်တိုင်းပြ ရေဒါစခန်းတစ်ခု ဖွင့်လှစ်ခဲ့သော်လည်း ကြာရှည်တည်တံ့စွာ သုံးစွဲနိုင်ခြင်းမရှိဘဲ ၁၉၉၄ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ရေဒါကိရိယာမပါဘဲ မိုးလေဝသသတိပေးချက်များ ခန့်မှန်းထုတ်ပြန်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်၊ ကျောက်ဖြူနှင့် မန္တလေးမြို့များတွင် ရေဒါသုံးလုံးတပ်ဆင်ရန် ၂၀၁၄ ခုနှစ်မှစ၍ စီစဉ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကျောက်ဖြူရေဒါစခန်းကို ၂၀၁၅ ခုနှစ်၌လည်းကောင်း၊ ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ်၌လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ရေဒါပုံရိပ်များဖြင့် မိုးလေဝသခန့်မှန်းချက်များ ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

"ရေဒါရဲ့ အားသာချက်က ကိုယ့်နိုင်ငံရဲ့ကမ်းရိုးတန်းကို မုန်တိုင်းတွေချဉ်းကပ်လာတဲ့ အခြေအနေကို ရေဒါပုံရိပ်ကတစ်ဆင့် သဲသဲကွဲကွဲ မြင်နိုင်တယ်၊ မုန်တိုင်းရဲ့ ဗဟိုချက်၊ တည်နေရာ၊ အရွယ်အစားနဲ့ ဘယ်လောက်အမြန်နှုန်းနဲ့ ဦးတည်လာမယ်ဆိုတာကို အနီးစပ်ဆုံး အချိန်မီ သတင်းထုတ်ပြန်နိုင်တဲ့ အခွင့်အရေးတွေ ရရှိနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရေဒါသုံးခုမှ ဖမ်းယူရရှိသော ပုံရိပ်များကို နေပြည်တော် မိုးလေဝသခန့်မှန်းရေးစောင့်ကြည့်ဌာနမှ ဂြိုဟ်တုစနစ်ဖြင့် တိုက်ရိုက်ကြည့်ရှု၍ မိုးလေဝသဖြစ်စဉ်များကို ကြိုတင်ထောက်လှမ်းသိရှိနိုင်ကာ အချိန်မီ သတင်းထုတ်ပြန်နိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်စို့**

# ကန်ဒေါ်လာ ၂၅၀ ဘီလီယံတန်ဖိုးရှိ စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်များ အမေရိကန်နှင့်တရုတ် ချုပ်ဆို

**ပေကျင်း နိုဝင်ဘာ ၉**

အမေရိကန်သမ္မတ၏ ပထမအကြိမ် အာရှခရီးစဉ်အတွင်း တရုတ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိမှုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် မြောက်ကိုရီးယားအရေးတို့ကို ဆွေးနွေးခဲ့ပြီးနောက် နိုဝင်ဘာ ၉ ရက်တွင် သတင်းစာရှင်းလင်းပွဲ တစ်ရပ် ကျင်းပခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတထရန့်က မြောက်ကိုရီးယား၏ နျူကလီးယား ဖွံ့ဖြိုးမှုအစီအစဉ်နှင့်ပတ်သက်ပြီး ခိုင်မာသော ရပ်တည်ချက်ထားရှိကာ ကိုင်တွယ်ထိန်းချုပ်နိုင်ရန် သမ္မတရှီအား တိုက်တွန်းပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်ကို ပယ်ဖျက်နိုင်ရေးအတွက် အမေရိကန်နှင့်တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း သမ္မတထရန့်က ဆိုသည်။

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ ရပ်တည်ချက်သဘောထားကို သမ္မတရှီက ဖွင့်ဟပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက်ပပျောက်ရေးအတွက် ကတိပြုပါကြောင်းနှင့် နျူကလီးယားလက်နက်ကင်းစင်ရေး ကမ္ဘာတစ်ဝန်းကြိုးပမ်းမှုတွင်လည်း ပါဝင်ကူညီမည်ဖြစ်ကြောင်း သမ္မတရှီက ဆိုသည်။

ထို့ပြင် ကုလသမဂ္ဂဖြေရှင်းချက်များကို ဆက်လက်လိုက်နာရန် လိုအပ်ကြောင်းနှင့် ပြုံယမ်း၏ နျူကလီးယားအရေးကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာသင့်ကြောင်း သမ္မတရှီက ဆက်လက်ပြောကြားခဲ့သည်။

သမ္မတထရန့်၏ ခရီးစဉ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံတန်ဖိုးရှိ စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီမှုစာချုပ်များကို ချုပ်ဆိုခဲ့သည်။

နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍနှင့်ပတ်သက်ပြီး အမေရိကန်အနေဖြင့် မျှတပြီး အပြန်အလှန်ဖြစ်သော ကုန်သွယ်မှုဆက်ဆံရေးကို အလိုရှိပါကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

သမ္မတထရန့်သည် နိုဝင်ဘာ ၁၀ ရက်တွင် ပေကျင်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ခရီးဆက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**





# ဆီးရီးယားနိုင်ငံအရှေ့ပိုင်း၌ အိုင်အက်စ်အဖွဲ့၏ နောက်ဆုံးခြေကုပ်စခန်းမြို့ လွတ်မြောက်ပြီ

**ဒမတ်စကတ် နိုဝင်ဘာ ၉**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့၏ နောက်ဆုံးအမာခံ ခြေကုပ်စခန်းတည်ရာ အယ်လ်ဘူကာမဲလ်မြို့ကို အစိုးရတပ်ဖွဲ့များနှင့် မဟာမိတ်တိုက်ခိုက်ရေးသမားများက နိုဝင်ဘာ ၈ ရက်တွင် သိမ်းပိုက်လိုက်ပြီး ယင်းမြို့ကို အိုင်အက်စ်တို့လက်အောက်မှ လွတ်မြောက်စေခဲ့ကြောင်း အစိုးရလိုလားသည့် အယ်လ်အာရေးဗီးယား ရုပ်မြင်သံကြားဌာနက နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းမြို့ကို အိုင်အက်စ်များ လက်ဝယ်မှ သိမ်းပိုက်လိုက်ပြီးနောက် ဗုံးရှင်းလင်းရေးအဖွဲ့များက မြို့တွင်းရှိ ဗုံးများကို ပိုက်စိပ်တိုက် ရှင်းလင်းလျက်ရှိကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်မြို့ကို ဆီးရီးယားအစိုးရတပ်ဖွဲ့များက အပြင်းအထန် တိုက်ခိုက်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ယင်းမြို့၌ အောင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဒီရာအယ်လ်ဇောပြည်နယ်၏ ကျေးလက်ဒေသတွင်ရှိသည့် အယ်ဘူကာမဲလ်မြို့ကို တိုက်ခိုက်ခဲ့ပြီးနောက် ဆီးရီးယားအစိုးရတပ်ဖွဲ့များက အီရတ်နိုင်ငံနယ်စပ်ရှိ ယင်းမြို့ကို သိမ်းယူရရှိခဲ့သည်။

ယင်းဖြစ်ပေါ်တိုးတက်မှုနောက်ပိုင်း ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် အီရတ်အစိုးရတပ်ဖွဲ့များ နယ်ခြားတွင် တွေ့ဆုံခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အယ်လ်ဘူကာမဲလ်မြို့သည် အိုင်အက်စ်တို့အတွက် အလွန်အရေးပါသည့်ဒေသဖြစ်သည်။ အီရတ်အစိုးရတပ်ဖွဲ့များနှင့် မဟာမိတ်များက ယင်းဒေသကို မကြာသေးမီက ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်။

ဆီးရီးယားနိုင်ငံတွင်း၌ အိုင်အက်စ်အဖွဲ့က ၎င်းတို့၏ အမာခံနယ်မြေများအားလုံး ဆုံးရှုံးခဲ့ရပြီး လတ်တလော၌ ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နေရာအနည်းငယ်ကိုသာ ထိန်းသိမ်းထားရှိနိုင်သည်။

အမေရိကန်၏ ထောက်ခံသည့် ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့များက နိုင်ငံမြောက်ပိုင်းရှိ ရက်ကာမြို့ကို လွန်ခဲ့သည့်လအတွင်းက သိမ်းပိုက်နိုင်ခဲ့သည်။ ရက်ကာမြို့သည် အိုင်အက်စ်အဖွဲ့က ၎င်းတို့၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့သော မြို့လည်းဖြစ်သည်။

**ဆင်ဟွာ။**

# ဈေးကွက်ဖွင့်လှစ်ပေးရေးနှင့် မဟာဗျူဟာမြောက်ကိစ္စရပ်များ အေပက်ဝန်ကြီးများက အချိန်တိုး၍ ဆွေးနွေးခဲ့ကြရ

**ဒါနန်း နိုဝင်ဘာ ၉**

အဖွဲ့ဝင် ၂၁ နိုင်ငံပါဝင်သော ပစိဖိတ်နှုတ်ခမ်းသတ်နိုင်ငံများ၏ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးများသည် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)ဒေသဆိုင်ရာ ထိပ်သီးညီလာခံ အကြိုဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်ခဲ့သော်လည်း ဆွေးနွေးညှိနှိုင်းမှုများ ပြီးပြတ်ခြင်းမရှိသဖြင့် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ဈေးကွက်များ ဖွင့်လှစ်ပေးရေးနှင့် မဟာဗျူဟာမြောက်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရာတွင် နိုင်ငံများ၏ ရပ်တည်ချက်များအလိုက် သဘောထားကွဲလွဲမှုများ ရှိနေသဖြင့် ဆွေးနွေးပွဲကို တစ်ရက်တိုး၍ ပြုလုပ်ခဲ့ရကြောင်း ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသော်လည်း ဆွေးနွေးပွဲပြီးဆုံးခြင်း မရှိသေးသဖြင့် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

ကနဦးအနေဖြင့် အေပက်ဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၈ ရက်နှောင်းပိုင်းတွင် ပြုလုပ်ရန် စီစဉ်ခဲ့သည်။ သို့ရာတွင် ဆွေးနွေးညှိနှိုင်းမှုများ ပြီးပြတ်ခြင်း မရှိသဖြင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ နိုဝင်ဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်မည့် အေပက်ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲအပြီး ထုတ်ပြန်မည့် ပူးတွဲကြေညာချက်အတွက် ကြေညာချက်မူကြမ်းကို အတည်ပြုနိုင်ရန် အေပက်ဝန်ကြီးများက ဆက်လက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရကြောင်း ဗီယက်နမ် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီး ထရန်တွန်အန်းက ပြောကြားသည်။

ကမ္ဘာ့စီးပွားရေးတွင် လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် မရေရာမသေချာမှုများကို မိမိတို့နိုင်ငံများ ရင်ဆိုင်နေကြရကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အရ လွတ်လပ်ခွင့်များ ရရှိလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချမှတ်ပုံကို ထင်ဟပ်သည့် သတင်းစကား မိမိတို့ပါးလိုကြောင်း ဝန်ကြီးအန်းက ပြောကြားသည်။

ပြောင်းလဲလာမည့် အခြေအနေများအရ အေပက်နိုင်ငံများ၌ အခွင့်အလမ်းများရော စိန်ခေါ်မှုများပါ ရင်ဆိုင်နေကြရကြောင်း၊ ကမ္ဘာ့စီးပွားရေး နာလန်ထူမှုများ ခိုင်မြဲမှုရှိသော်လည်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ နိမ့်ကျနေဆဲဖြစ်ကြောင်း၊ အေပက်ဒေသဆိုင်ရာ နိုင်ငံများသည် စက်မှုနည်းပညာမှတစ်ဆင့် ထုတ်လုပ်မှုတိုးတက်အောင် ကြိုးပမ်းနေကြသော်လည်း အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း အေပက်ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်လှစ်ရာတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဖမ်ဘင်မင်းက ကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။

**ရိုက်တာ။**




# ဆယ်ကျော်သက်အရွယ် မိန်းကလေး ၂၆ ဦး မြေထဲပင်လယ်ကို ဖြတ်ကူးစဉ် သေဆုံး

**အဘူဂျာ နိုဝင်ဘာ ၉**

အာဖရိကနွယ်ဖွား ဆယ်ကျော်သက်အရွယ် မိန်းကလေး ၂၆ ဦးသည် ဥရောပတိုက်အတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ရာတွင် မြေထဲပင်လယ်အတွင်း ၎င်းတို့၏ ရော်ဘာလှေနစ်မြုပ်မှုကြောင့် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုဖြစ်ပွားခဲ့သည့် ဖြစ်ရပ်သည် ဝမ်းနည်းဖွယ်ရာကောင်းလှသည့်အဖြစ်အပျက်တစ်ခုဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားလူငယ်များသည် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်နှင့် လူနေမှုဘဝရရှိရန်အတွက် အလွန်အန္တရာယ်များသည့် ခရီးလမ်းကို ရွေးချယ်ခဲ့ကြောင်း၊ သို့ရာတွင် နောက်ဆုံး၌ ကြမ္မာဆိုးနှင့် တွေ့ကြုံရကြောင်း နိုင်ဂျီးရီးယားအစိုးရက ပြောကြားသည်။

နိုင်ဂျီးရီးယားနှင့် နိုင်ဂျာနိုင်ငံတို့မှ ဆယ်ကျော်သက်အရွယ် မိန်းကလေးများသည် မြေထဲပင်လယ်ကို ရော်ဘာလှေဖြင့်ဖြတ်သန်းစဉ် သေဆုံးခဲ့ကြရကြောင်း၊ နိုဝင်ဘာ ၅ ရက်က ရော်ဘာလှေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာတွင် ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သော်လည်း ကယ်ဆယ်ရေးသမားများ ဆိုက်ရောက်သွားချိန်တွင် အလောင်းများကိုသာ တွေ့ရှိရတော့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# မျှော်မှန်းရလဒ်များအပေါ် အခြေခံသည့် ဘတ်ဂျက်စနစ်ကို တဖြည်းဖြည်း ပြောင်းလဲနိုင်မည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၉**

SID ကို ကိုင်ဆောင်သည့် သင်္ဘောသားများအတွက် သင်္ဘောတက်ရောက်ခြင်း၊ ကမ်းတက်ခြင်း၊ အရေးပေါ် ဆေးကုသရန် ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ခြင်း၊ တာဝန်ထမ်းဆောင်ရမည့် သင်္ဘောသို့သွားရောက်ရာတွင် ခရီးစဉ်ကူးပြောင်းခြင်း၊ နေရပ်ပြန်ပို့ခြင်းများအတွက် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်ဝင်ခွင့်ဗီဇာမလိုအပ်ဘဲ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် SID ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့်တန်းတူ ထုတ်ပေးနိုင်မည်ဖြစ်ပြီး ငွေကြေးထည့်ဝင်မှုပြုလုပ်ရန်မလိုအပ်ခြင်း၊ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများ၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့စေခြင်းများကြောင့် မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သင်္ဘောသားများ၏ သက်သေခံအထောက်အထားများဆိုင်ရာကွန်ဗင်းရှင်း(ပြင်ဆင်ချက်) ၂၀၀၃၊ နံပါတ် (၁၈၅) တွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သင်္ဘောများမှ မောင်းဆီ(လောင်စာဆီ) ယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန်တာဝန်ရှိမှု အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (၂၀၀၁)တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီများ၏ သုံးသပ်ချက်အစီရင်ခံစာပါ မူ၊ အခြေခံသဘောတရားများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူ၊ အခြေခံသဘောဆွေးနွေးခြင်းများအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစီရင်ခံစာ အပိုဒ် ၁၂ တွင် ဖော်ပြထားသော ဖြည့်စွက်ခွင့်ပြုငွေကို အတတ်နိုင်ဆုံး စိစစ်ခွင့်ပြုရန် သုံးသပ်ချက်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ပတ်သက်သည့် အမှာစာထုတ်ပြန်ရာတွင် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းကို မဖြစ်မနေပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်လိုအပ်သော လစာစရိတ်၊ ခရီးစရိတ်၊ ပင်စင်နှင့်အတိုးပေးငွေတို့ကိုသာ တောင်းခံရန်၊ ငွေလုံးငွေရင်း အသုံးစရိတ်များအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့် ကိစ္စများနှင့် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်သည့်




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ကိစ္စများ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့က ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရန် ခွင့်ပြုထားသည့်ကိစ္စများကိုသာ တောင်းခံကြရန် ထည့်သွင်းဖော်ပြ၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အတတ်နိုင်ဆုံး စိစစ်ခွင့်ပြုရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၄ ပါ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိရန် လျာထားသော်လည်း နှစ်စဉ်လျာထားချက်ကို ပြည့်မီအောင် ရယူသုံးစွဲနိုင်မှုမရှိကြောင်း ဖော်ပြချက်နှင့်ပတ်သက်၍ ချေးငွေပေးအပ်သည့် အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်း၊ မြန်မာနိုင်ငံ၏ လုပ်ထုံးလုပ်နည်းများကြောင့် ကြန့်ကြာမှုများရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ထို့ပြင် တစ်ပြေးညီလိုက်နာရမည့် စံနှုန်းသတ်မှတ်ချက်များကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပြီး နောင်ဘဏ္ဍာနှစ်များတွင် ပြည်ပအကူအညီရငွေ၊ ချေးငွေများ ထုတ်ယူသုံးစွဲမှု ပိုမိုမြန်ဆန်လာစေရေးကို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၂၅ ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လိုငွေကို လျှော့ချနိုင်ရန်နှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသော ယာယီရပ်ဆိုင်းထားသည့် စက်ရုံ ၄၄ ရုံအနက် စီးပွားရေးရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် စက်ရုံ ၂၈ ရုံကို ဆက်လက် ဆောင်ရွက်ရန် သင့်၊ မသင့် လေ့လာသုံးသပ်နိုင်ရန် သီးခြားလွတ်လပ်သော ကျွမ်းကျင်ပညာရှင်များ၊ အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော လေ့လာသုံးသပ်ရေးအဖွဲ့ ၂ ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင်လည်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရမှု အများဆုံးဖြစ်နေရခြင်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အတိုးအသုံးစရိတ်၊ ထောက်ပံ့ငွေအသုံးစရိတ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အခွန်ဝေစုခွဲဝေပေးခြင်း အသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်စသည်ဖြင့် နိုင်ငံတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော အသုံးစရိတ်အတွက် ၇၈ ဒသမ ၂၈ ရာခိုင်နှုန်း တောင်းခံခဲ့ရပြီး မိမိဝန်ကြီးဌာနအတွက် ၂၁ ဒသမ ၇၂ ရာခိုင်နှုန်းသာ တောင်းခံခြင်း ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ဘတ်ဂျက်ရေးဆွဲရာ၌ မူဝါဒကို အခြေခံသောဘတ်ဂျက်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာကျင့်သုံးမှုစနစ်များအရ မူဝါဒကိုအခြေခံသောဘတ်ဂျက်စနစ်၊ စွမ်းဆောင်ရည်ပြည့်ဝမှုကို အခြေခံသောဘတ်ဂျက်စနစ်နှင့် လုပ်ငန်းအောင်မြင်မှုရှိမှသာ ဘတ်ဂျက်ခွဲဝေချထားပေးသောစနစ်ဟူ၍ အမျိုးမျိုးကျင့်သုံးကြသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း ဘတ်ဂျက်ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် သုံးသပ်၍ ကူးပြောင်းဆောင်ရွက်မည်ဖြစ်သည့်အတွက် ရေရှည်တွင် မျှော်မှန်းရလဒ်များအပေါ်အခြေခံသည့် ဘတ်ဂျက်စနစ်ကို တဖြည်းဖြည်း ပြောင်းလဲနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ADB ချေးငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရေးမြို့အား ဓာတ်အားဆောလျင်စွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ သံဖြူဇရပ်-ရေး ဓာတ်အားလိုင်း စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်တည်ဆောက်ရန် လျာထားပါကြောင်း။

ADBနှင့် ဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့များသည် စီမံကိန်းအကြိုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ချေးငွေသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း၊ စီမံကိန်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်တောင်းခံငွေများကို ထိရောက်အကျိုးရှိစွာ သုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဝန်ကြီးဌာနအနေဖြင့် ဖြည့်စွက်တောင်းခံငွေမှာ မူလခန့်မှန်းခြေ၏ ၁၀ ရာခိုင်နှုန်း ကျော်လွန်နေရခြင်းသည် ယခုနှစ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ပို့ကုန်၊ သွင်းကုန်ယာဉ်စစ်ကွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တရုတ်အစိုးရ၏ ယွမ်သိန်း ၁၀၀ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် စာရင်းသဘောအရ ငွေလုံးငွေရင်း (Budget) စာရင်းဝင်စေရန် ရငွေနှင့်အသုံးစရိတ် နှစ်ဖက်စလုံး၌ ယွမ်သိန်း ၁၀၀ နှင့် ညီမျှသောငွေကျပ် သန်း ၁၉၅၀ အား ထည့်သွင်းလျာထားခဲ့သဖြင့် မူလခန့်မှန်းခြေပမာဏ၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်တောင်းခံသကဲ့သို့ ဖြစ်ပေါ်ရခြင်း ဖြစ်ပါကြောင်း။

ဖော်ပြပါ ပြည်ပအကူအညီရငွေ ကျပ်သန်း ၁၉၅၀ ကို ချန်လှပ်၍ တွက်ချက်မည်ဆိုပါက ဖြည့်စွက်တောင်းခံငွေမှာ ကျပ် ၃၈၆ ဒသမ ၇၀၂ သန်းသာဖြစ်ပြီး ထပ်မံတောင်းခံငွေသည် ဝန်ကြီးဌာနတစ်ခုလုံး၏ မူလခွဲဝေချထားငွေ၏ ၂ ဒသမ ၉၁ ရာခိုင်နှုန်းသာဖြစ်ကြောင်း၊ အခြားဖြည့်စွက် တောင်းခံငွေသည်လည်း ယခုဘဏ္ဍာနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်သည့် မောင်တောကုန်သွယ်ရေးစခန်း လုံခြုံရေးအတွက် အုတ်တံတိုင်းကာရံခြင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း အုတ်တံတိုင်းကာရံခြင်း စသည်တို့ပါဝင်ပါကြောင်း။

၂၀၁၆- ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံသားများဘဏ်၏ အသားတင်အမြတ်သည် ယမန်နှစ်ကထက် တိုးလာပြီး ကျပ် ၇ ဒသမ ၈၂ ဘီလီယံဖြစ်လာပါကြောင်း၊ သို့သော်လည်း International Banking တွင် အခြားဘဏ်များနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံသားကျွမ်းကျင်ပညာရှင်များ ငှားရမ်းအသုံးပြုရခြင်း၊ Infrastructure အဆင့်မြှင့်တင်စရိတ်များ ပိုမိုသုံးစွဲခဲ့ရခြင်း၊ CORE Banking လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသုံးစရိတ်များ သုံးစွဲရခြင်းတို့ကြောင့် အမြတ်ဝေစုကို ကျပ် ၃ ဒသမ ၁၂ ဘီလီယံသာ ခွဲဝေပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် listed Company ဖြစ်လာချိန်မှစ၍ အစုအပေါ် အမြတ်ဝေစုခွဲဝေမှုကို ရှယ်ယာနည်းသူက ပိုယူ၍ မရတော့ဘဲ တစ်ပြေးညီခွဲဝေပေးရမည်ဖြစ်သည့်အတွက် ယခုနှစ်အတွင်း အစုများအပေါ် အညီအမျှ ၆ ရာခိုင်နှုန်း ခွဲဝေပေးရန် ဘဏ်၏နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ခဲ့သည့်အတွက် မြန်မာနိုင်ငံသားများပိုင်ဘဏ်တွင် ထားရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အစုရှယ်ယာများအပေါ် အမြတ်ခွဲဝေရငွေများ ကျဆင်းခဲ့ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုနောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီများ၏ သုံးသပ်ချက်အစီရင်ခံစာပါ မူနှင့် အခြေခံသဘောတရားများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘောဆွေးနွေးခြင်းများအပေါ် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

---

**○ ရောဝတီလင်းပိုင်မှ**

ဒုတိယမြစ်ကျဉ်းအထက် ဗန်းမော်ဝန်းကျင်မှာ ကျက်စားမှုတစ်ခုဆိုပြီးတော့ အဓိကနေရာကြီးသုံးခုကို ပိုင်းခြားပြီးတော့ လေ့လာတွေ့ရှိရပါတယ်။

"မန္တလေးနဲ့ ကျောက်မြောင်းကြားကိုတော့ ထိန်းသိမ်းရေး ဇရိယာသတ်မှတ်ထားပြီး ထိန်းသိမ်းရေးဇရိယာသတ်မှတ်ခါစမှာတော့ အကောင်ရေ ၂၀ လောက်ပဲ ရှိတာပါ၊ လက်ရှိမှာတော့ ထိန်းသိမ်းရေးဇရိယာထဲ ၂၅ ကောင်လောက်ရှိတော့ အတန်အသင့် အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

"ထပ်မံတိုးချဲ့မယ့် ထိန်းသိမ်းရေးဇရိယာထဲမှာ နိုင်ငံခြားသားတွေ လာရောက်လေ့လာကြတဲ့ တကောင်းဇရိယာလိုနေရာမျိုး၊ ကသာလိုနေရာမျိုး၊ ရွှေကူမြို့မှာဆိုရင်လည်း ရွှေပေါ်ကျွန်းဘုရားလိုမျိုး ရှိပါတယ်။

"ထိန်းသိမ်းရေးဇရိယာထူထောင်ရင် လင်းပိုင်ပြသခြင်းနဲ့ ကျေးရွာတွေမှာလည်း ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းတွေ ဆောင်ရွက်လို့ရပါတယ်"ဟု ၎င်းက ပြောသည်။

ထိုကဲ့သို့ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာအဖြစ် တိုးချဲ့ဆောင်ရွက်သွားရန် အဆိုပါဇရိယာအတွင်း တည်ရှိသည့် ကျေးရွာများမှ ရေလုပ်သားများနှင့် တာဝန်ရှိသူများ၏ အမြင်သဘောထားများကိုလည်း စစ်တမ်းအဖြစ် လိုက်လံကောက်ယူလျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရပြီး ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း တစ်ဆက်တည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိန်ကျွန်းရွာမှ ကျေးရွာရေလုပ်သားခေါင်းဆောင် ဦးမောင်လေးက "လင်းပိုင်နဲ့ အကျိုးတူငါးဖမ်းလုပ်ကိုင်စားသောက်တဲ့ အလုပ်ကို ၁၉၈၄ ခုနှစ်မှာ စလုပ်ခဲ့တာဆိုတော့ အခုနှစ်ဆိုရင် ၃၄ နှစ် ပြည့်ပြီဖြစ်ပါတယ်၊ လင်းပိုင်တွေနဲ့ အကျိုးတူငါးဖမ်းလုပ်ကိုင်တဲ့အပေါ်မှာ မျှော်လင့်ချက် အများကြီးရှိပါတယ်၊ မန္တလေးနဲ့ စစ်ကိုင်းဘက်မှာ အကျိုးတူငါးဖမ်းတဲ့ဓလေ့ကို လုပ်ကိုင်တာ ရွာခုနစ်ရွာရှိတယ်၊ ဒီကျေးရွာတွေကို ဧည့်သည်တွေ လာရောက်ခဲ့တဲ့အတွက် ခရီးသွားလုပ်ငန်းကနေ အပိုဝင်ငွေလည်း ရရှိကြပါတယ်၊ လင်းပိုင်တွေကို ဇရိယာကြီးအတွင်း ဒါမှမဟုတ် ပိုပြီးတော့ ထိန်းသိမ်းစောင့်ရှောက်စေချင်ပါတယ်၊ ပြီးတော့ လင်းပိုင်တွေအတွက် ရှော့ထိုး၊ ရှော့တိုက် ငါးဖမ်းလုပ်ငန်းတွေကို မလုပ်ကြဖို့လည်း မေတ္တာရပ်ခံလိုပါတယ်"ဟု ပြောသည်။

**ရှင်မင်း**

---

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

**✱ ကျောဖုံးမှ**

ဆက်လက်၍ ဒုတိယသမ္မတက ပြည့်စုံကောင်းမွန်သော စာရင်းအင်းများ အပေါ် အခြေခံပြီး လက်တွေ့ကျသည့် စီမံကိန်းများဖြစ်ပေါ်စေရေးအတွက် ပိုမိုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်ဆိုင်ရာ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်မှုနှင့် ဆောင်ရွက်မှုအခြေအနေများကို စောင့်ကြည့်အကဲဖြတ်မှုများ ပြုလုပ်ကြရမည်ဖြစ်ပြီး လိုအပ်ချက်များနှင့်စပ်လျဉ်း၍လည်း အချိန်နှင့် တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ၊စီမံချက်များ ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍများ၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် မူလစာရင်းအင်းအချက်အလက်များ ကောက်ယူခြင်း၊ လူမှုစီးပွားဆိုင်ရာ စစ်တမ်းများကောက်ယူခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းများ ကောက်ယူခြင်းများကို မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သည့် အဖွဲ့အစည်းများ ပေါင်းစပ်ပါဝင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စာရင်းအင်းလုပ်ငန်းစဉ်များ ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ခိုင်မာ၍အရည်အသွေးပြည့်ဝသည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေးနှင့် စာရင်းအင်းဆိုင်ရာ လွှမ်းခြုံမှု အားကောင်းစေရေးတို့အတွက် နိုင်ငံတကာ စံနှုန်းများနှင့်အညီ စာရင်းအင်းဥပဒေသစ်ကို ပြန်လည်ရေးဆွဲခဲ့ရာ ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

စာရင်းအင်းရလဒ်များ ထိရောက်မှန်ကန်စွာ ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စာရင်းအင်းဆိုင်ရာအချက်အလက် ထုတ်ပြန်သူများနှင့် အချက်အလက် သုံးစွဲသူများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ Statistics User-Provider Relations ကောင်းမွန်စေရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အမျိုးသားစာရင်းအင်းစနစ်တစ်ရပ်လုံး ခြုံငုံမိစေရေးနှင့် စာရင်းအင်းဆိုင်ရာ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအရည်အသွေးကို မြှင့်တင်နိုင်ရေးအတွက် စာရင်းအင်းနည်းပညာ ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းနယ်ပယ် တိုးတက်ရေးအတွက် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းစီမံချက်များကို သက်ဆိုင်ရာဌာနများ အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် "ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်" ပါ သတ်မှတ်ချက်များ အောင်မြင်စေရေးအတွက် ကဏ္ဍဆိုင်ရာ၊ ဒေသန္တရဆိုင်ရာ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ညွှန်းကိန်းများ တိုးတက်စေရေးအတွက် နိုင်ငံနှင့် ကိုက်ညီသည့် အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် နည်းလမ်းများကို ဝိုင်းဝန်း ပူးပေါင်း အဖြေရှာဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းကို ဗဟိုစာရင်းအင်း အဖွဲ့က ကောက်ယူမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ဘေးအန္တရာယ်နှင့်ပတ်သက်၍ အချို့သောစီမံချက်များကို ရေတိုကာလ အတွင်း ဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း အချို့ကို ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အလားတူ အချို့သောစီမံချက်များကို နိုင်ငံတော်ရန်ပုံငွေဖြင့် သုံးစွဲနိုင်မည်ဖြစ်သော်လည်း အချို့ကို ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်မှသာ အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးအတွက် မြေပြင် စာရင်းအင်းအချက်အလက်မှန်များ ခိုင်မာရေး၊ အချိန်နှင့် တစ်ပြေးညီရှိစေရေးနှင့် ရှေ့နောက် ညီညွတ်မှုရှိရေးတို့အတွက် Stakeholderများ အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ဝန်ကြီးဌာနများ အချင်းချင်းအကြား၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြားတွင် စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို အချိတ်အဆက်မိမိ အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းကဏ္ဍများ ပိုမိုထိရောက်အောင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် ငွေကြေးသုံးစွဲမှု လုပ်ငန်းတိုင်းကို အထောက်အထားများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီဥက္ကဋ္ဌနှင့် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် အတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ ယခင်အစည်းအဝေး လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများ၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် သဘာဝဘေးအန္တရာယ်စစ်တမ်း(၂၀၁၇)ကောက်ယူရေး စီမံဆောင်ရွက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဝင်များနှင့် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ နာယက ဒုတိယသမ္မတက မိမိတို့နိုင်ငံ၏ အခြေပြစာရင်းအင်းညွှန်းကိန်းများသည် နိုင်ငံတကာအသိမှတ်ပြု စာရင်းအင်းများဖြစ်လာစေရေးအတွက် တိကျမှန်ကန်မှုရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သည့် စာရင်းအင်းအချက်အလက်များ ပေါ်ထွက်လာစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီနှင့် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# UNFC အဆိုပြုထားသည့် အချက်များအနက် သဘောတူရန် ကျန်ရှိနေသည့် အချက်များကို ဆွေးနွေးရာ ရလဒ်ကောင်းများထွက်ပေါ်၊ နှစ်ဖက်ခေါင်းဆောင်များထံ တင်ပြပြီး ဆက်လက်ဆွေးနွေးမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ငြိမ်းချမ်းရေးကော်မရှင်(PC)နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။



အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပရာတွင် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA )လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံသို့ အဆိုပြုထားသည့် အချက်ကိုးချက်အနက် သဘောတူရန်ကျန်ရှိနေသည့် အချက်များနှင့်ပတ်သက်၍ နှစ်ဖက်ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးရာတွင် တပ်ပိုင်းဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ တပ်နေရာချထားမှုများ၊ ကြားကာလဆောင်ရွက်ချက်ကိစ္စများ၊ နိုင်ငံခြားသား ပါဝင်မှုအခန်းကဏ္ဍ ကိစ္စများနှင့် ပတ်သက်သည့် JMC လုပ်ငန်း ကိစ္စများ၊ NCA လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများနှင့် အထွေထွေကိစ္စရပ်များကို ခေါင်းစဉ်အလိုက် ဆွေးနွေးကြရာ ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲအပြီး ညနေပိုင်းတွင် သတ္တမအကြိမ်မြောက် အစည်းအဝေးများနှင့်ပတ်သက်၍ နောက်ဆုံးရလဒ်များအပေါ် ငြိမ်းချမ်းရေးကော်မရှင်(PC)၏ ကိုယ်စားလှယ်ဖြစ်သူ ဦးဇော်ဌေးက " PC နဲ့ DPN တို့ နှစ်ရက်တာ ဆွေးနွေးခဲ့တဲ့ အချိန်မှာ ပွင့်ပွင့်လင်းလင်းနဲ့ အကျေအလည် ဆွေးနွေးနိုင်ခဲ့ပါတယ်၊ မနေ့ကဆိုရင် အထူးသဖြင့် စစ်ဘက်ဆိုင်ရာကိစ္စတွေကို ဆွေးနွေးနိုင်ခဲ့ပါတယ်၊ အခုကျွန်တော်တို့ တော်တော်များများကို ဆွေးနွေးနိုင်ခဲ့တယ်၊ အခြေအနေပြောရရင်တော့ နှစ်ဖက်စလုံးက မျှော်မှန်းတဲ့အတိုင်း တော်တော်လေးကို နီးစပ်လာတယ်၊ ကျွန်တော်တို့ နောက်ထပ် အပြီးသတ်ဆွေးနွေးရမယ့်အချက် သိပ်မများတော့ပါဘူး၊ တစ်ချက်လောက်ပဲ ကျန်တော့တယ်၊ ကျန်တဲ့ဟာကို ကျွန်တော်တို့ ဆက်ပြီး ဆွေးနွေးသွားမှာပါ၊ အပြီးသတ် ဆွေးနွေးမယ်ဆိုတာကတော့ အခုရရှိထားတဲ့ ဆွေးနွေးချက်ရလဒ်တွေကို နှစ်ဖက်ခေါင်းဆောင်တွေထံ ပြန်လည်တင်ပြရဦးမှာဖြစ်တယ်၊ ဘယ်အချက် တစ်ချက်သာကျန်တော့တယ်၊ ဘယ်အကြောင်းအရာ ဆိုတာကိုတော့ အခုအခြေအနေမှာ ပြောလို့မရသေးပါဘူး၊ နှစ်ဖက်ခေါင်းဆောင်တွေဆီ ပြန်တင်ပြပြီး နောက်တစ်ကြိမ် တွေ့ဆုံပြီး အပြီးသတ် ဆွေးနွေးဖို့ပဲ ကျန်ပါတော့တယ်၊ ဆွေးနွေးမှုတွေဟာ ပန်းဝင်တော့မယ့် အချိန်လို့ပြောရမှာပါ၊ ဒီအပြီးသတ် ဆွေးနွေးမှုကိုတော့ ယခုနိုဝင်ဘာလရဲ့ ရက်သတ္တ တစ်ပတ်၊ နှစ်ပတ်အတွင်းပဲ ဖြစ်မှာပါ"ဟု မီဒီယာများကို ပြောကြားသည်။

အလားတူ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) အဖွဲ့ခေါင်းဆောင် ခူဦးရယ်က "ဆွေးနွေးမှုတွေက ပြောရရင် ပွင့်ပွင့်လင်းလင်းရှိပါတယ်၊ ကျွန်တော်တို့ကတော့ အသုံးအနှုန်းလေးတွေ၊ ဝေါဟာရလေးတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ရှိပါတယ်၊ သဘောတူဖို့လည်းရှိပါတယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ နှစ်ဖက်သက်ဆိုင်ရာ ခေါင်းဆောင်တွေကိုလည်း ပြန်လည်တင်ပြဖို့ရှိပါတယ်၊ အဲဒီအခါကျမှပဲ ကျွန်တော်တို့ အနေနဲ့ နောက်ဆုံး အဆုံးသတ်ဖို့ရှိပါတယ်၊ လောလောဆယ်မှာတော့ ပြောစရာမရှိပါဘူး၊ ဆွေးနွေးမှုပုံစံတွေကတော့ အားလုံးကောင်းကောင်းမွန်မွန်ရှိပါတယ်၊ ကျွန်တော်တို့ရဲ့တင်ပြချက် ရှစ်ချက်နဲ့ပတ်သက်လို့ အခုကတော့ နောက်ဆုံးအခြေအနေကို ရောက်ဖို့နီးနေပါပြီ၊ အဆိုပြုချက် အချက်နံပါတ် (၅)နဲ့ ပတ်သက်တဲ့ တပ်ပိုင်းဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာကိစ္စတွေကိုလည်း အသေးစိတ်ဆွေးနွေးပြီးဖြစ်ပါတယ်၊ ရှေ့ဆက်ပြီး ဘယ်လိုသွားမယ်ဆိုတာလည်း ဆွေးနွေးပွဲကနေချမှတ်ပြီး ဖြစ်ပါတယ်၊ ဒီအပိုင်းတွေရဲ့ ဆုံးဖြတ်ချက်တွေကိုတော့ နောက်ဆုံးဆွေးနွေးမှုတွေရဲ့ အဆုံးသတ်မှာ ဘယ်လိုဆိုတာ ပြောပြလို့ရမှာပါ၊ ဆွေးနွေးချက်တွေကို နှစ်ဖက်ခေါင်းဆောင်တွေဆီ ပြန်တင်ပြပြီးရင် NCA လက်မှတ်ရေးထိုးနိုင်မယ်လို့တော့ နားလည်ယုံကြည်ထားပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်(PC)၏ ကိုယ်စားလှယ်ဖြစ်သူ ဦးဇော်ဌေးနှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ယခုအစည်းအဝေးမှ ဆွေးနွေးမှုရလဒ်များကို နှစ်ဖက်ခေါင်းဆောင်များထံ ပြန်လည်တင်ပြပြီး ယခုလအတွင်း အပြီးသတ် ဆွေးနွေးမှုများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ သတ္တမအကြိမ်မြောက် တရားဝင်ဆွေးနွေးပွဲများကို အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တွင် လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တွင် လည်းကောင်း စုစုပေါင်း လေးရက်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့(DPN)တို့သည် NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် UNFC အဆိုပြုထားသော အချက်ကိုးချက်အား နှစ်ဖက်ခေါင်းဆောင်များအကြား(၁၅)လ ကျော်ကြာအတွင်း တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု များစွာ ပြုလုပ်ခဲ့ပြီး ယခုနှစ်ဖက်ခေါင်းဆောင်များ၏ သတ္တမအကြိမ် လေးရက်ကြာ တွေ့ဆုံဆွေးနွေးပွဲများ၏ နောက်ဆုံးရလဒ်များသည် ယခင် တွေ့ဆုံဆွေးနွေးမှုများနှင့် နှိုင်းယှဉ်လျှင် ရလဒ်ကောင်းများရရှိထားပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ရရှိထားသော ရလဒ်ကောင်းများကို သက်ဆိုင်ရာ နှစ်ဖက်ခေါင်းဆောင်များထံ အသိပေးတင်ပြကာ ဆုံးဖြတ်ချက် အသီးသီး ရယူပြီးသည်နှင့် နောက်ဆုံး အပြီးသတ် ဆွေးနွေးမှုကို ယခုလအတွင်း ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် အဆိုပြုချက် ရှစ်ချက်အား သဘောတူညီမှုရရှိလျှင် အချက် နံပါတ် (၉)ဖြစ်သော NCA လက်မှတ်ရေးထိုးနိုင်ရေးကို ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)၏ အဖွဲ့ဝင်တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ (EAOs)များက အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ တပ်မတော်သားကိုယ်စားလှယ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ဒုတိယရှေ့နေချုပ်ဦးဝင်းမြင့်၊ ဦးနိုင်ငံလင်းနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ DPN မှ အဖွဲ့ခေါင်းဆောင်ခူဦးရယ်၊ဒုတိယအဖွဲ့ခေါင်းဆောင် နိုင်အောင်မငေးနှင့် အဖွဲ့ဝင်များ၊ လေ့လာသူများအဖြစ် NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှ ပဒိုစောကွယ်ထူးဝင်း ၊ ရဲဘော်သံခဲတို့ အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ အကျိုးဆောင်အဖွဲ့များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၉**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr.Hong Liang အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် တရုတ်သံအမတ်ကြီးက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးရရှိရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့အတွက် တရုတ်နိုင်ငံက အပြုသဘောဖြင့် မှန်ကန်စွာ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ဆွေးနွေးခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့အပေါ် ကောင်းစွာအလေးထားသည်ကို သိရှိပါကြောင်း၊ မြန်မာနိုင်ငံအပေါ် မျှတစွာ ရပ်တည်ဆောင်ရွက်နေမှုကို အသိအမှတ်ပြုပါကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံသည် ကမ္ဘာ့တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်နေမှုများကိုလည်း တန်ဖိုးထားပါကြောင်း ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်၊ ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ်(၂၈/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အမှတ်(၄၉၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီအား** ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၁၀၆)ဖြစ်ပါသည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၁၇)ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**
အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာ အဆောင် (၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် မေးခွန်းနှင့်အဆိုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် ကော်မတီအတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးပြီး ကော်မတီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# အမျိုးသားစာပေဆုနှင်းသဘင် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၉**
၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသူစာရင်းအား အောက်တိုဘာ ၂၇ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်းသိရပြီး ဆုနှင်းသဘင်အခမ်းအနားသို့ ဆုရရှိသူများ၊ ဆုရစာအုပ်များကို ထုတ်ဝေခဲ့သည့် စာပေတိုက်များနှင့် ထုတ်ဝေသူများ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိခဲ့ဖူးသည့် စာပေပညာရှင်များအားလုံး အပါအဝင် စာပေဆိုင်ရာ အဖွဲ့အစည်းများသို့ ဖိတ်ကြားထားကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိကြသူများအနေဖြင့် စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ (စာပေဗိမာန်) ဖုန်း-၀၁-၃၈၁၄၄၉ နှင့် ၀၁-၃၇၆၅၆၉ တို့သို့ ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အခမ်းအနား တက်ရောက်မည့်သူများအနေဖြင့် နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် အခမ်းအနားကျင်းပမည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကြိုတင်နေရာယူထားကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ တပ်မတော်စစ်သင်္ချိုင်းနယ်နိမိတ်ဧရိယာအတွင်း ပါဝင်နေသော အိမ်ထောင်စု ၅၉ စုအား တပင်ရွှေထီးရပ်ကွက်သို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး အဆိုပါ ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က ယခင်စာရင်းရှိ အိမ်ထောင်စု ၅၉ စုကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ချမှတ်ပေးထားသည့် ပေ (၄၀×၆၀) မြေကွက်နှင့်အတူ စနစ်တကျရွှေ့ပြောင်းရာတွင် တရားဝင်ဖြစ်စေရန် အိမ်ထောင်စုဇယား၊ အိမ်ခြံမြေဂရန်များ၊ နယ်မြေများအတွက် လိုအပ်သည့် အခြားအထောက်အပံ့ပစ္စည်းများကို နေပြည်တော်ကောင်စီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများမှ အပြည့်အစုံကြိုးစားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အခြားဆက်လက်ကူညီရမည့် အကူအညီများကိုလည်း နေပြည်တော်ကောင်စီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၅၉ စုအနေဖြင့်လည်း များစွာကျေနပ်ဝမ်းသာသည်ဟု သိရှိရ၍ကျေးဇူးတင်ရှိပါကြောင်း၊ အဓိကအချက်တစ်ချက်ဖြစ်သည့် ကျောင်းသားကျောင်းသူများ၏ ပညာရေးအတွက်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အနီးကပ်ဆုံးနေရာတွင် ရှိသည်ဟုသိရသဖြင့် များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ရွှေ့ပြောင်းအိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ပြောကြားပြီး ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက အိမ်ထောင်စု ၅၉ စုအား ရွှေ့ပြောင်းနေရာချထားရေးဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်နှင့် အလှူရှင်များက ရွှေ့ပြောင်းအိမ်ထောင်စု ၅၉ စုထံသို့ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ခြင်းအပေါ် ရွှေ့ပြောင်းအိမ်ထောင်စုများကိုယ်စား ရပ်မိရပ်ဖ ဦးမြင့်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများသည် ရွှေ့ပြောင်းအိမ်ထောင်စုများ၏ နေအိမ်များကို လိုက်လံကြည့်ရှုပြီး မိသားစုဝင်များနှင့် တွေ့ဆုံသည်။

အဆိုပါ ရွှေ့ပြောင်းအိမ်ထောင်စု ၅၉ စုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်အိမ်ထောင်လျှင် လူသုံးကုန်ပစ္စည်း ၁၀ မျိုး၊ ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၉၈၄၁ နှင့် အိမ်ဆောက်စရိတ်ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ နေပြည်တော်ကောင်စီက တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှင့် အခြားအိမ်ဆောက်ပစ္စည်း လိုအပ်ချက်များကိုလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီက တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်၊ ဆီနှစ်ပိဿာ၊ ဆားနှစ်ပိဿာနှင့် ကုလားပဲငါးပိဿာကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက တစ်အိမ်ထောင်လျှင် ရေလီတာ ၂၀ ဆံ့ ရေသန့်ဘူးတစ်ဘူးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က တစ်အိမ်ထောင်လျှင် ပလတ်စတစ်ရေပုံးတစ်ပုံးကို လည်းကောင်း၊ တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဆန်ငါးအိတ်၊ ဆီတစ်ပိဿာ ဘူး ၅၉ ဘူးနှင့် ခေါက်ဆွဲခြောက်တစ်ဖာကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက Shelter Tool Kit နှင့် Hygiene Kit များကိုလည်းကောင်း၊ ဝါးပင်အိမ်လုပ်ငန်းမိသားစုက တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ပဥ္စမအကြိမ် အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ပဥ္စမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဉာဏိန္ဒက အဖွင့်သြဝါဒကထာမြွက်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက စတုတ္ထအကြိမ် အစည်းအဝေးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လျှောက်ထားတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ယင်းနောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ဗဟို)ကြီးကြပ်ရေးအဖွဲ့ဝင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မက သြဝါဒကထာ မြွက်ကြားပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**



## ရခိုင်ပြည်နယ်သတင်း

# ပြန်လည်ရောက်ရှိလာမည့်သူများကို လက်ခံစစ်ဆေးမည့်စခန်းမြေနေရာများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ မြေပြင်ကွင်းဆင်းကြည့်ရှု

**မောင်တော နိုဝင်ဘာ ၉**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မောင်တောဒေသ မြောက်ပိုင်းဒေသများဖြစ်သော ငါးခူရစခန်းမြေနေရာများနှင့် တောင်ပြိုလက်ဝဲမြေနေရာများ၌ ပြန်လည်ရောက်ရှိလက်ခံမည့်သူများအား လက်ခံစစ်ဆေးမည့်စခန်းမြေနေရာများကို မြေပြင်ကွင်းဆင်းကြည့်ရှုသည်။

ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြောက်ပိုင်းဒေသမှ မူလနေရာချောင်းတစ်ဖက်ကမ်းသို့ ပြောင်းရွှေ့ပေးမည့် မြဝတီ(မြို့)ကျေးရွာမြေနေရာအနေအထားနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ပေးလျက်ရှိသော သစ်တုံးနားခွဆုံကျေးရွာအုပ်စု ခုံတိုင်(မြို့)ကျေးရွာသစ် တည်ဆောက်မှုအခြေအနေများကို မြေပြင်ကွင်းဆင်းလိုက်လံကြည့်ရှုသည်။

ထို့နောက် ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် မီးလောင်ပျက်စီးသွားသော အိုးထိန်း(ဟိန္ဒူ)



ကျေးရွာသစ် ပြန်လည်တည်ဆောက်ပေးမည့် မြေနေရာအနေအထားနှင့် လမ်းဖောက်လုပ်ပေးမည့် လမ်းအူကြောင်းမြေနေရာအား အကောင်အထည်ဖော် တည်ဆောက်ပေးမည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုင်ပင်ဆွေးနွေးသည်။ အဆိုပါ အိုးထိန်း(ဟိန္ဒူ)ကျေးရွာတွင် အိမ်ထောင်စု ၇၂ စုရှိပြီး မိသားစုများနေထိုင်နိုင်ရန် အနံပေ ၄၀ နှင့် အလျားပေ ၆၀ ရှိနေအိမ်များ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသော ခုံတိုင်(မြို့) ကျေးရွာသစ်တည်ဆောက်မှုနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တည်ဆောက်လျက်ရှိသော တာဝန်ရှိသူများနှင့် ဒေသခံမြို့တိုင်းရင်းသားများနှင့်တွေ့ဆုံရာတွင် လုပ်ငန်းခွင်အနေအထားအခက်အခဲများနှင့်ပတ်သက်၍လည်းကောင်း၊ သတ်မှတ်ကာလအမီ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးနှင့် လုပ်ငန်းခွင်အလုပ်သမားအခက်အခဲဖြစ်ပေါ်ပါက ဒေသခံမြို့တိုင်းရင်းသားများအား လုပ်ခနှုန်းထားသတ်မှတ်ပေးကာ လုပ်ကိုင်စေလိုကြောင်း၊ မြို့တိုင်းရင်းသားများအနေဖြင့်လည်း မူလနေရာဟောင်းမှ မြို့ကျေးရွာသစ်တည်ဆောက်မည့်နေရာသို့ ပြောင်းရွှေ့လုပ်ကိုင်စေလိုကြောင်းနှင့် မိမိတို့နေထိုင်မည့် ကျေးရွာသစ်တည်ဆောက်ရာတွင် အားတက်သရော ပါဝင်ဆောင်ရွက်ကြရန် အထူးမှာကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် ကျေးရွာများ မီးလောင်ပျက်စီးသွား၍ တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားသော မိသားစုများပြန်လည်လက်ခံနိုင်ရန် စိစစ်နေရာချထားပေးမည့် စခန်းနေရာများဖြစ်သော တောင်ပြိုလက်ဝဲမြို့နှင့် ငါးခူရစခန်းနေရာများကို အသေးစိတ်လိုက်လံကြည့်ရှုကာ အကောင်အထည်ဖော် တည်ဆောက်ပေးမည့် လုပ်ငန်းရှင်များနှင့် ဆွေးနွေးသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**

# UEHRD ၏ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကိုးဖွဲ့ တစုတစည်းတည်း ရခိုင်ပြည်နယ်အစိုးရနှင့် သွားရောက်တွေ့ဆုံမည်

**ရခိုင် နိုဝင်ဘာ ၉**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကိုးဖွဲ့သည် ကုန်သည်စက်မှုအသင်းချုပ်နှင့်အတူ လာမည့် နိုဝင်ဘာ ၁၅ ရက်တွင် ရခိုင်ပြည်နယ်သို့ တစုတစည်းတည်းသွားရောက်ကာ ရခိုင်ပြည်နယ်အစိုးရနှင့် တွေ့ဆုံ၍ ဒေသပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။



ခရီးစဉ်တွင် ရခိုင်ပြည်နယ်အစိုးရနှင့်အတူ ရခိုင်ပြည်နယ်ရှိ လုပ်ငန်းရှင်များနှင့်ပါတွေ့ဆုံကာ ဒေသ၏ လိုအပ်ချက်များကို စနစ်တကျနှင့်ထိရောက်စွာ ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရေးဆွေးနွေးကြရန် UEHRD ၏ ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် ကုန်သည်စက်မှုအသင်းချုပ်တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကိုးဖွဲ့မှ ကိုယ်စားလှယ်များသည် ကုန်သည်စက်မှုအသင်းချုပ်တွင် ယနေ့တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းအဖွဲ့များဖြစ်သော ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ စီးပွားရေးဇုန်များဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့၊ အသေးစားငွေကြေးထောက်ပံ့မှုလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာငွေစုဆောင်းရေး (Crowd Funding) လုပ်ငန်းအဖွဲ့တို့နှင့် ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများသည် လုပ်ငန်းအဖွဲ့အသီးသီးအလိုက် အခြေခံအဆောက်အအုံများဆောက်လုပ်ရေး၊ ရေနှင့် လျှပ်စစ်မီးတပ်ဆင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးချဲ့အဆင့်မြှင့်တင်ရေးစသည်တို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် ခရီးစဉ်တွင် ဒေသအစိုးရတာဝန်ရှိသူများနှင့် ဒေသခံများအား တင်ပြကာ လိုအပ်သည်များနှင့် တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

“ဒေသခံတွေရဲ့လိုအပ်ချက်ကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေလုပ်ပေးနိုင်တာနဲ့ ပေါင်းစပ်လိုက်ရင် အကောင်းဆုံးရလဒ်တစ်ခုရလာလိမ့်မယ်”ဟု UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြောသည်။


ရခိုင်ပြည်နယ်အတွက် ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာအား ချမှတ်ပြီးသားရှိနေပြီဖြစ်ရာ UEHRD ၏ လုပ်ငန်းအဖွဲ့များအနေဖြင့် အဆိုပါမဟာဗျူဟာအား ရှင်းရှင်းလင်းလင်း နားလည်သိရှိကာ လိုက်လျောညီထွေစွာ ဆက်စပ်ဆောင်ရွက်သွားနိုင်ရန် ရခိုင်ပြည်နယ်အစိုးရနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးက ပြောသည်။

ရခိုင်ပြည်နယ်တစ်ခုလုံးတွင် မြို့နယ် ၁၇ မြို့နယ်ရှိရာ မောင်တော၊ ရသေ့တောင်၊ ဘူးသီးတောင်အပြင် အခြားမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးအောင်ကြည်စိုးက ပြောသည်။

လုပ်ငန်းအဖွဲ့များအနေဖြင့် အခြေခံအဆောက်အအုံများ တည်ဆောက်ပြင်ဆင်ပြီးပါက ပညာရေးနှင့်ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရန် ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Training) သင်တန်းများလည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းအဖွဲ့**

# UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုဝင်ဘာ ၆ ရက်တွင် သီလဝါပြည်တွင်းစက်မှုဇုန်ကော်မတီနှင့် လုပ်ငန်းရှင်များက ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ယနေ့တွင် Myanmar Educare Co., Ltd. International School of Myanmar (ISM)က ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**စစ်တွေ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန်အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်းခြွေလှေ့စက်ကိရိယာများအား အသုံးပြု၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ ကံပူး၊ ကျောင်းတောင်၊ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချကျေးရွာများတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ စုစုပေါင်း ၉၃၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ သင်္ဂနက်၊ ချောင်းနွယ်၊ ကြီတေး၊ ကံ့ကော်ကျွန်း၊ ပါတလိပ်ကျေးရွာများတွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ စုစုပေါင်း ၇၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

အလားတူ မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်ကျေးရွာများတွင် အောက်တိုဘာ ၅ ရက်မှ ၈ ရက်အထိ စုစုပေါင်း ၁၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်ကျေးရွာများတွင် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ စုစုပေါင်း ၁၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ လမ်းမတော်ကျေးရွာနှင့် အမ်းမြို့နယ်အတွင်းရှိ ပုဏ္ဏားကျွန်းကျေးရွာတို့တွင် စုစုပေါင်း ငါးဧကစီ ရိတ်သိမ်းပြီးဖြစ်သည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့နယ် ကြိုးကြာကွင်းကျေးရွာအုပ်စုတွင် မျိုးသန့်ထိန်းသိမ်းရေးအတွက် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်း ဆောင်ရွက်

**တောင်ကုတ် နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကြိုးကြာကွင်းကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးဆားငန်ခံ ဆင်းသွယ်လတ်စပါးမျိုး မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကတွင် စုပေါင်း မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၈ ရက်က ဆောင်ရွက်ရာ တောင်ကုတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းတွင် တောင်သူများနှင့် တွေ့ဆုံစဉ် မြို့နယ်ဦးစီးမှူး ဦးထွန်းသိန်းက မျိုးစေ့ထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းပညာများ၊ မျိုးကွဲနုတ်ပယ်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းကာ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် ရွှေ့လျားဆေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**စစ်တွေ နိုဝင်ဘာ ၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံး ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိနိုင်စေရန် ရည်ရွယ်၍ ရွှေ့လျားဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်မောင်မောင်သိန်းနှင့်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် ကညင်တန်း အထက(၁) ကျောင်း၌ ဖွင့်လှစ်ထားသော ဟိန္ဒူကယ်ဆယ်ရေးစခန်း၌ ရွှေ့လျားဆေးခန်း ဖွင့်လှစ်ခြင်းနှင့် ရာသီတုပ်ကွေး H1N1 ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မောင်တောမြို့နယ်၌ ရောက်ရှိနေသော မကွေးဆေးတက္ကသိုလ်မှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၅၈ စု၊ လူဦးရေ စုစုပေါင်း ၉၉၂ ဦး ခိုလှုံနေထိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား ထုတ်ပေးပြီးသူ ၆၂၅ ဦးနှင့် သီးသန့်မှတ်တမ်းတင်ပြီးသူ ၇၇ ဦးရှိ

**စစ်တွေ နိုဝင်ဘာ ၉**

နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် ပြည်နယ်ဦးစီးမှူး ဦးအောင်မင်းက ဒေသခံ ရွာသူရွာသားများအား NV Card နှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး NV Card လာရောက်ဆောင်ရွက်သူများအား ခြင်ထောင်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယခင်က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ်(မြောက်ပိုင်း) မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးသူမှာ အမျိုးသား ၃၄၆ ဦး၊ အမျိုးသမီး ၂၇၉ ဦး စုစုပေါင်း ၆၂၅ ဦးရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၇၇ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## (၁၀)ကြိမ်မြောက် Health Cluster Meeting ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**
နိုင်ငံအတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့သော ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးခြင်းလုပ်ငန်းကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် လူထုအား ပြန်လည်လက်ခံခြင်းနှင့် နေရာချထားခြင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက် နိုင်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးရန် (၁၀) ကြိမ်မြောက် Health Cluster Meeting ကို ယနေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံးနှင့် ပြန်လည်လက်ခံရေးစခန်းများတွင် ဆေးပညာကျင့်ဝတ်အရ ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူထား၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စီမံချက်အသွင်ဖြင့် ဆောင်ရွက်ရန် စီမံချက်များ ရေးဆွဲပြီးဖြစ်၍ ဆောင်ရွက်ရန် အသင့်ဖြစ်ပါကြောင်း၊ လတ်တလောတွင် ရွှေ့လျားဆေးခန်းများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းသည် အလွန်ကောင်းမွန်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းများ၊ သတင်းအချက်အလက် စီးဆင်းမှု၊ ကုန်ကျစရိတ်နှင့် သင့်တော်သော ရလဒ် ရရှိမှုအခြေအနေ စသည်တို့အား မိမိတို့ကိုယ်တိုင် ပြန်လည်သုံးသပ်ဆန်းစစ်ခြင်း ဆောင်ရွက်၍ လုပ်ငန်းများကို ပိုမိုထိရောက်စေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က ၂၀၁၈ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေးနှင့် အရေးပေါ်) က ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းကို ယခုထက် ပိုမိုမြင့်မားလာရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**





## မောင်တောမြို့နယ် ခုံတိုင်(မြို့)ရွာသစ်တွင် ဘုန်းတော်ကြီးကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေများလှူဒါန်း

**မောင်တော နိုဝင်ဘာ ၉**
(၁၁)ပါးမြောက် တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ကုန္ဒပါလနှင့် ရခိုင်အမျိုးသားအသင်းချုပ် ဦးဆောင်သော အလှူရှင်များ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ ဦးဆောင်သော ချောက်မြို့နယ် ရဟန်းရှင်လူများက ခုံတိုင် (မြို့) ရွာသစ်ဘုန်းတော်ကြီးကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၇၅၀ ကို ယနေ့မွန်းလွဲပိုင်းက မောင်တောမြို့ မြို့မကျောင်းတိုက်၌ ပေးအပ်လှူဒါန်းခဲ့သည်။

"အရင်ခုံတိုင်ရွာဟောင်းတုန်းက ဘုန်းကြီးကျောင်းမရှိဘူး၊ ဘုန်းကြီးကျောင်းကို သွားချင်ရင် မြဝတီ နတလရွာကို သွားရတယ်၊ အခုလိုဘုန်းကြီးကျောင်းဆောင်တစ်ဆောင် လှူဒါန်းမယ်ကြားရတော့ ဝမ်းသာတယ်၊ ကျွန်တော်တို့ ခုံတိုင်တစ်ရွာလုံးကလည်း ကျေးဇူးတင်ပြီး ပျော်ရွှင်ကြမှာပါ"ဟု ခုံတိုင် (မြို့) ရွာအုပ်ချုပ်ရေးမှူး ဦးမောင်လှက ပြောသည်။

ရဟန်းရှင်လူ ပြည်သူအလှူရှင်များက ခုံတိုင်ရွာသစ် ဘုန်းတော်ကြီးကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၇၅၀၊ နံ့သာတောင်ရွာရှိ အိမ်ထောင်စု ၄၂ စုအတွက် ငွေကျပ် ၁၀ သိန်း၊ နံ့သာတောင်ပရဟိတ ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများအတွက် ငွေကျပ် ၁၀ သိန်း၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၃၀၊ အာဟာရဒါနအတွက် ငွေကျပ် ငါးသိန်း၊ နေလသစ္စာမိသားစုက ဘေထုပ် ၃၂ ထုပ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ လှူဒါန်းမှုအခမ်းအနားသို့ တက်ရောက်လာကြသူများသည် (၁၁)ပါးမြောက် တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ကုန္ဒပါလထံမှ ငါးပါးသီလနှင့် ဩဝါဒကထာများ နာယူခဲ့ကြသည်။ **သတင်းအဖွဲ့**

## ရခိုင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီအထောက်အပံ့များ ပေးအပ်ရန် စေတနာ့ဝန်ထမ်းလုပ်ငန်းလူငယ်များ စတင်ခရီးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၉**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းစဉ်များအနက်မှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ်ဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်း လူငယ်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရခိုင်ဒေသသို့ မော်တော်ယာဉ်များဖြင့် စတင်



ထွက်ခွာရာ ဌာန လူမှုဝန်ထမ်းဦးစီးညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့်အဖွဲ့က လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့မှ နွား ၂၆၆ ကောင်နှင့် ဆိတ် ၆၁၆ ကောင်အား ကာကွယ်ကုသဆေးထိုးနှံပေးပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၉**
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နွား ၂၆၆ ကောင်အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၁၆ ကောင်အား ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင်နှင့် ငါးခူရပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားတစ်ကောင်၊ ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားလေးကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်သုံးကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၆၆ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးပြီး ဆိတ် ၆၁၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့မှ စခန်းပတ်ဝန်းကျင်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ မတွေ့ရှိကြောင်းနှင့် စခန်းအနီးပတ်ဝန်းကျင်ရှိ နွား၊ ဆိတ်များအား ဆေးကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## လူထုကျန်းမာရေးလုပ်သား(သစ်လွင်) သင်တန်း စစ်တွေမြို့နယ်၌ ဖွင့်လှစ်

**စစ်တွေ နိုဝင်ဘာ ၉**
ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကူညီကယ်ဆယ်ရေး(IRC) အဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား (သစ်လွင်) သင်တန်းဖွင့်ပွဲကို စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာ ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာသီဟအောင်က ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် အောက်ခြေအထိ ကျန်းမာရေးအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရန်လည်းကောင်း၊ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအနေဖြင့် မိမိတို့နေထိုင်ရာ ကျေးရွာများမှာ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများ ဖြန့်ဝေခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အရေးပေါ်လူနာ ညွှန်းပို့ခြင်း စသည်တို့မှာ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ကူညီကယ်ဆယ်ရေး(IRC) အဖွဲ့မှ လူထုကျန်းမာရေးလုပ်သားစီမံချက် မန်နေဂျာ ဦးကျော်ဝင်းလှိုင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ သင်တန်းကို စစ်တွေမြို့နယ် ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများမှ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်၍ ယင်းသင်တန်းတွင် စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာသီဟအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကြည်ကြည်သာနှင့် ကျန်းမာရေးဝန်ထမ်းများသည် ဒါးပိုင်ကျေးရွာနှင့် ခေါင်းဒုက္ခာကျေးရွာများတွင် ဖွင့်လှစ်ထားသည့် ရွှေ့လျားဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်သတင်း

## လူငယ်ထုရဲ့ စိတ်ဓာတ်နဲ့အင်အားကို နိုင်ငံတည်ဆောက်ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့မှာ တစ်တပ်တစ်အား ပါဝင်လာစေဖို့ အခုလို သင်တန်းပို့ချရခြင်းဖြစ်ပါတယ်။

**ဒေါက်တာစန်းစန်းအေး**

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းလူငယ်များအား နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် လုပ်ငန်းခွင်အကြို သင်တန်းပို့ချပေးလျက်ရှိသည်။**



**ဒေါက်တာစန်းစန်းအေး**
**ညွှန်ကြားရေးမှူးချုပ်**



**ဦးကျော်လင်းထင်**
**သင်တန်းတာဝန်ခံ**



**မထူးထက်နိုင်**
**သင်တန်းသူ**



**မနှင်းယုရွှေ**
**သင်တန်းသူ**



**ကိုကျော်ကြီး**
**သင်တန်းသား**



**ကိုခင်မောင်သိန်း**
**သင်တန်းသား**

အဆိုပါသင်တန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ စေတနာ့ဝန်ထမ်းလူငယ် ၈၃ ဦး တက်ရောက်လျက်ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် ပြင်ပမှဘာသာရပ်ဆိုင်ရာ စေတနာ့ဝန်ထမ်းများက သင်တန်းပို့ချပေးလျက်ရှိသည်။

သင်တန်းပို့ချမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ၏ ခံယူချက်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်-

**ဒေါက်တာစန်းစန်းအေး (ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန)**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) လုပ်ငန်းစဉ်ဟာ ပြည်ထောင်စုစီမံကိန်းဖြစ်ပြီး နိုင်ငံတစ်ဝန်းက လူငယ်တွေပါဝင်ပါတယ်။ ပြည်သူ့အတွက် လူငယ် ရက် ၂၀ လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရဝန်ကြီးဌာနတွေ၊ ရခိုင်ပြည်နယ်အစိုးရ၊ ပြည်တွင်းလုပ်ငန်းရှင်တွေ၊ အလှူရှင်တွေ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေ၊ ရက် ၂၀ စေတနာ့ဝန်ထမ်း ဆောင်ရွက်မယ့် နိုင်ငံတစ်ဝန်းက လူငယ်တွေ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရခိုင်ဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ စေတနာ့ဝန်ထမ်းလုပ်ငန်းဆောင်ရွက်မယ့် လူငယ်တွေအနေနဲ့ စေတနာ့ဝန်ထမ်းဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို သိရှိနားလည်ပြီး စနစ်တကျ ဆောင်ရွက်နိုင်ဖို့ လူငယ်ထုရဲ့ စိတ်ဓာတ်နဲ့ အင်အားကို နိုင်ငံတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့မှာ တစ်တပ်တစ်အား ပါဝင်လာစေဖို့ အခုလို သင်တန်းပို့ချရခြင်းဖြစ်ပါတယ်။

သင်တန်းသား သင်တန်းသူ ရွေးချယ်မှုအပိုင်းအနေနဲ့ကတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ အသက်(၁၈)နှစ်က (၃၅)နှစ်အတွင်းရှိတဲ့ မြန်မာနိုင်ငံသား လူငယ်တွေ အားလုံးကို မိမိသဘောဆန္ဒအရ လျှောက်လွှာခေါ်ယူပြီး ရွေးချယ်ခဲ့တာပါ။ သင်တန်းပြီးသွားရင် သင်တန်းသား သင်တန်းသူတွေကို ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ နှစ်ဖွဲ့ခွဲပြီး လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွေက ဝန်ထမ်းတွေနဲ့အတူ ကိန်းဂဏန်းအချက်အလက်ကောက်ယူမှုတွေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ဖြန့်ဝေမှုလုပ်ငန်းတွေ၊ အကူအညီလိုအပ်တဲ့သူတွေကို သက်ဆိုင်ရာသို့ ညွှန်းပို့ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။ ဒီသင်တန်းကတော့ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ အခုလို သင်တန်းတွေကို ဆက်လက်ဖွင့်လှစ်သွားပြီး အကူအညီလိုအပ်နေတဲ့ ကျေးရွာတွေအရောက် အကူအညီတွေ ပေးနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးကျော်လင်းထင် (သင်တန်းတာဝန်ခံ)**

သင်တန်းကာလ သုံးရက်တာ သင်ကြားတဲ့အခါမှာ ကိန်းဂဏန်း အချက်အလက်များ ကောက်ယူခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ဖြန့်ဝေခြင်း၊ အကူအညီလိုအပ်သူများအား သက်ဆိုင်ရာသို့ ညွှန်းပို့ပေးခြင်းစတဲ့ အဓိကအချက်သုံးချက်ကို အခြေခံပြီး ပို့ချပေးတာပါ။ ပထမအချက်အနေနဲ့ စေတနာ့ဝန်ထမ်းလူငယ်တွေဟာ ကျေးရွာအဆင့်အထိ ကွင်းဆင်းပြီးတော့ အကူအညီပေးတဲ့အခါမှာ ကိန်းဂဏန်း အချက်အလက် ကောက်ယူတဲ့ကိစ္စ၊ အဲဒီအပေါ်ကို အခြေခံပြီးတော့ သင်တန်းမှာ ဒါကို အထောက်အကူပြုမယ့် ဘာသာရပ်တွေကို ပို့ချပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ တကယ့်လက်တွေ့ အကူအညီလိုအပ်နေတဲ့သူတွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ဖြန့်ဝေတဲ့အခါမှာ သူတို့အနေနဲ့ လက်တွေ့ကျကျ မှန်မှန်ကန်ကန် ဖြန့်ဝေနိုင်ဖို့ဆိုတဲ့အချက်တွေကို အခြေခံပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှုတွေကို ပို့ချပေးပါတယ်။ တတိယအချက်အနေနဲ့ကတော့ သူတို့ မလုပ်နိုင်တဲ့ ကိစ္စရပ်တစ်ခုကို သူတို့ ကွင်းဆင်းဆောင်ရွက်ရင်းနဲ့ တွေ့တဲ့အခါမှာ လုပ်နိုင်တဲ့သူတွေနဲ့ ဘယ်လို လွှဲပြောင်းချိတ်ဆက်ဆောင်ရွက်ပေးရမယ်ဆိုတဲ့ ကိစ္စရပ်တွေကို သင်ကြားပေးတာပါ။

အဲဒီမှာ တချို့အပိုင်းတွေကတော့ သူတို့အနေနဲ့ ဗဟုသုတအဖြစ် သိထားဖို့ လိုအပ်တဲ့အပိုင်းတွေပါတယ်။ တချို့အပိုင်းတွေကတော့ မြေပြင်မှာ တကယ့်ကို ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ကျွမ်းကျင်မှုရှိဖို့လိုတဲ့ အပိုင်းတွေပါပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ စာတွေ့နဲ့ လက်တွေ့ နှစ်မျိုးလုံး ပို့ချပေးနေပါတယ်။ နောက်ထပ်ကျန်တဲ့ အပိုင်းတွေအနေနဲ့ လုပ်ငန်းခွင်မှာ ဘယ်လို ပြုမူနေထိုင်ရမယ်ဆိုတာမျိုးတွေ၊ စေတနာ့ဝန်ထမ်းလုပ်တဲ့အခါမှာ သိထားရမယ့်မူတွေ၊ ဆောင်ရန်၊ ရှောင်ရန်တွေ၊ အရေးပေါ် ရှေးဦးသူနာပြုစုနည်းတွေကို ဥပမာတွေနဲ့တကွ ဆွေးနွေးပို့ချတာတွေရှိပါတယ်။ သင်တန်းသား သင်တန်းသူတွေအနေနဲ့လည်း သင်တန်းပို့ချမှုအပေါ် စိတ်ပါဝင်စားစွာ လေ့လာမှတ်သားပြီး ပြန်လည်ဆွေးနွေးတာကို တွေ့ရပါတယ်။

**သင်တန်းသူ မထူးထက်နိုင်**

နိုင်ငံတော်အစိုးရရဲ့ UEHRD စီမံကိန်းမှာ လူငယ်တစ်ယောက်အနေနဲ့ ပူးပေါင်းပါဝင် အားဖြည့်သင့်တယ်ထင်လို့ အခုလို ပါဝင်ဖြစ်ခဲ့တာပါ။ ဒီသင်တန်းကနေ မြေပြင်မှာ အချက်အလက်တွေ ဘယ်လိုကောက်ခံမယ်၊ တကယ်လိုအပ်နေတဲ့ ပြည်သူတွေဆီကို ရိက္ခာတွေရောက်ရှိအောင် ဘယ်လို ထိထိရောက်ရောက် လုပ်ဆောင်မယ်ဆိုတဲ့ စီမံခန့်ခွဲမှုတွေကို သင်ကြားရပါတယ်။ နောက်တစ်ခုက ပဋိပက္ခဖြစ်နေတဲ့ နေရာဒေသတစ်ခုကို သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်တော့မယ်ဆိုရင် လူငယ်တွေအနေနဲ့ ဆောင်သင့်၊ ရှောင်သင့်တာတွေကို သင်ရပါတယ်။ ဒီက သင်ကြားလိုက်တဲ့ သင်ခန်းစာတွေက မြေပြင်မှာ အများကြီးအကျိုးရှိမှာပါ။ ဒီသင်တန်းဟာ အစိုးရရဲ့ UEHRD စီမံကိန်းမှာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း အများကြီး ဆက်လုပ်သွားမယ်ဆိုတာကို သိရတယ်။ အစိုးရသစ်လက်ထက်မှာ ပဋိပက္ခဖြစ်စဉ်ကို ငြိမ်းချမ်းရေးအသွင် ဖြစ်လာအောင်လို့ အခုလို အကုန်လုံး ပူးပေါင်းပါဝင်ခွင့်ရတဲ့ ပထမဆုံးအကြိမ်မှာ တက်ရောက်ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ပြည်သူတွေအတွက်လည်း အားတက်စရာတစ်ခုဖြစ်လိမ့်မယ်လို့ ခံစားမိပါတယ်။

**သင်တန်းသူ မနှင်းယုရွှေ**

ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီး အခုလို အစီအစဉ်ရှိတယ်ဆိုကတည်းက ပါဝင်ဖို့ အသင့်ရှိနေတာပါ။ ရခိုင်ဒေသအရေးဟာ တစ်နိုင်ငံလုံးရဲ့ အရေးကိစ္စဆိုတော့ လူငယ်တစ်ယောက်အနေနဲ့ စေတနာ့ဝန်ထမ်းအဖြစ်နဲ့ ပါဝင်သင့်တယ်လို့ ခံစားမိတာကြောင့် အခုလိုပါဝင်ဆောင်ရွက်ဖြစ်ခဲ့တာပါ။ ဒီသင်တန်းက အများကြီးအကျိုးရှိပါတယ်။ အတွေ့အကြုံရှိတဲ့ ဆရာ ဆရာမတွေက လက်တွေ့နဲ့ စာတွေ့တွေ အများကြီး သင်ကြားပေးတယ်။ တကယ့် မြေပြင်ရောက်သွားတဲ့ အချိန်မှာ အရေးကြီးတဲ့ ရှောင်ရန်၊ ဆောင်ရန်တွေကအစ အကုန်လုံးသင်ကြားပေးပါတယ်။ ဒီသင်တန်းကနေရလာတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေနဲ့ အရင်တုန်းက သိရှိထားတဲ့ ဗဟုသုတတွေ ပေါင်းစပ်ပြီး မြေပြင်မှာ အကောင်းဆုံး လုပ်ဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ လက်တွေ့ဘဝနဲ့ ဆက်စပ်တဲ့ အတွေ့အကြုံတွေက လက်တွေ့ဆောင်ရွက်တဲ့အခါမှာ ချိတ်ဆက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည်တစ်ခုမှာ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ စေတနာ့ဝန်ထမ်းတွေဟာ မရှိမဖြစ်လိုအပ်တဲ့အတွက် အားလုံးပါဝင်သင့်ပါတယ်။

**သင်တန်းသား ကိုကျော်ကြီး**

ကျွန်တော်တို့ဒေသမှာ အစိုးရအနေနဲ့ အခုလို စေတနာ့ဝန်ထမ်းတွေ ပါဝင်တဲ့ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုတဲ့အတွက်ကြောင့် စိတ်ဝင်စားခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း အရင်ကတည်းက စေတနာ့ဝန်ထမ်းတစ်ယောက်ဖြစ်တာကြောင့် ဒေသခံတစ်ဦးအနေနဲ့ အခုလို ပါဝင်ဖြစ်ခဲ့တာပါ။ ဒီသင်တန်းက ပို့ချပေးလိုက်တဲ့ သင်ခန်းစာတွေနဲ့ မြေပြင်မှာ လက်တွေ့ဆောင်ရွက်တဲ့အခါမှာ ကောင်းကောင်းအသုံးချနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီသင်တန်းမှာဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံက လူငယ်တွေ ပါဝင်ပါတယ်။ အခုလို သင်တန်းတွေအတူတက်ပြီး ရခိုင်ဒေသမှာ စေတနာ့ဝန်ထမ်းအဖြစ် အားလုံး အတူတကွသွားရောက်ဆောင်ရွက်ရမှာဆိုတော့ ဂုဏ်ယူကျေနပ်မိပါတယ်။ နောက်နောင်မှာလည်း စေတနာ့ဝန်ထမ်းအဖြစ်နဲ့ ပါဝင်ဆောင်ရွက်သွားဖို့ အသင့်ပါပဲ။

**သင်တန်းသား ကိုခင်မောင်သိန်း**

ကျွန်တော်က စေတနာ့ဝန်ထမ်းတစ်ယောက်ဆိုတော့ ရခိုင်အရေးကိစ္စ စတင်ဖြစ်ပွားတဲ့ အချိန်ကတည်းက သွားရောက်ချင်ခဲ့တာပါ။ အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်နိုင်ခဲ့ပါဘူး။ အခုတော့ အစိုးရရဲ့ UEHRD အစီအစဉ်မှာ ပြည်သူတစ်ယောက်အနေနဲ့ ပူးပေါင်းပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ သင်တန်းမှာ ပို့ချပေးတဲ့ သင်ခန်းစာတွေက မြေပြင်မှာ ဆောင်ရွက်တဲ့အချိန်မှာ အသုံးချဖို့အတွက် အကောင်းဆုံးနည်းလမ်းတွေပါပဲ။ ဝါရင့်အတွေ့အကြုံရှိ ဆရာတွေကိုယ်တိုင်က သူတို့ရဲ့ အတွေ့အကြုံတွေ သင်ကြားပေးသလို သင်တန်းသားတွေမှာလည်း အတွေ့အကြုံရှိပြီးသားသူတွေ ပါတော့ တစ်ဦးနဲ့တစ်ဦး အသိပညာဖလှယ်ကြရတော့ အများကြီးအကျိုးရှိပါတယ်။ အခုလို အတွေ့အကြုံကောင်းတွေကိုယူပြီး မြေပြင်မှာ သွားရောက်လုပ်ဆောင်ရမယ်ဆိုတော့ အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နောက်ထပ်လည်း အခုလို အစီအစဉ်မှာ ပါဝင်ဆောင်ရွက်ချင်ပါသေးတယ်။ ကျွန်တော်တို့ လုပ်နေသလို လူသားအားလုံး ပရဟိတစိတ်ဓာတ်ရှိဖို့လိုပါတယ်။ သူ့နေရာ၊ ကိုယ့်နေရာ မခွဲခြားဘဲ လူသားချင်းစာနာတဲ့စိတ်နဲ့ အားလုံးပါဝင်ကူညီကြဖို့လိုပါတယ်။

**သင်တန်းသား ဖြိုးကိုကိုဇော်**

နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး လူငယ်စေတနာ့ဝန်ထမ်းတွေနဲ့ ပြုလုပ်တဲ့ အစီအစဉ်ဖြစ်တာကြောင့် နိုင်ငံသားတစ်ယောက်အနေနဲ့ ပါဝင်သင့်တယ်ဆိုတဲ့ စိတ်ကြောင့် အခုလို ပါဝင်ဖြစ်ခဲ့တာပါ။ ဒီသင်တန်းက ပို့ချပေးလိုက်တဲ့ အတွေ့အကြုံ၊ သင်ခန်းစာတွေကို လက်တွေ့ဆောင်ရွက်တဲ့အခါမှာ အကောင်းဆုံး အသုံးချနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာပါ။ အဲဒီအတွက်ကိုလည်း အခုကတည်းက ကြိုတင်ပြင်ဆင်ထားပါတယ်။ ရှေ့ပိုင်းမှာလည်း ပရဟိတလုပ်ငန်းတွေ အများကြီးလုပ်ခဲ့ဖူးပါတယ်။ အခုကတော့ အရင်တုန်းက လုပ်ခဲ့တဲ့ လုပ်ငန်းတွေနဲ့တော့ မတူပါဘူး။ စိတ်ဝင်စားဖို့ ပိုကောင်းပါတယ်။ အဲဒီဒေသမှာ နေထိုင်တဲ့သူတွေနဲ့ပတ်သက်တဲ့ အခြေခံအချက် အလက်တွေက အစ ကောက်ယူရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကိုလည်း စိတ်လှုပ်ရှားမိပါတယ်။ ဆရာတွေသင်ကြားပေးတဲ့ အတွေ့အကြုံနဲ့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ စုပေါင်းပြီး လုပ်ဆောင်မယ့် လုပ်ဆောင်ချက်တွေကြောင့် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့တွေဟာ အစိုးရရဲ့ UEHRD အစီအစဉ်မှာ ပထမဆုံးအဖွဲ့ပါ။ အစိုးရအနေနဲ့ နောက်ထပ်လည်း လူငယ်တွေကို ထပ်ခေါ်နေမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေအနေနဲ့ လူမျိုး၊ ဘာသာမရွေး အားလုံးပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။

**တွေ့ဆုံမေးမြန်း- ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# စလင်းမြို့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလမ်းစဉ်အား ထောက်ခံပွဲကျင်းပ

**စလင်း နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စုပေါင်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလမ်းစဉ်အား ကြိုဆိုထောက်ခံပွဲကို ယနေ့ညနေပိုင်းတွင် စလင်းမြို့ ဈေးမရပ်ကွက် စည်ပင်သာယာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထောက်ခံပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က ဟောပြောဆွေးနွေးကာ စာရေးဆရာ ထင်လင်းဦးက ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ ဖိအားပေးမှုများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ နိုင်ငံရေးလမ်းစဉ်များကို ထောက်ခံပွဲသို့ ဒေသခံပြည်သူ အင်အား ၇၀၀ ကျော် စုပေါင်း၍ ထောက်ခံအားပေးခဲ့ကြောင်း သိရသည်။

**စိုးမိုးသူ(ပြန်/ဆက်)**

Asia-Europe Meeting

(၁၃)ကြိမ်မြောက် အေဆမ်
နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁
နေပြည်တော်

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ရေးမြို့နယ် လမိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ရေးမြို့နယ် လမိုင်းမြို့ မော့ကနင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာလမ်း ရေး-မော်လမြိုင်ကားလမ်းတွင် ချစ်ဝေစိုး မောင်းနှင်ပြီး မမြင့်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ နှင့် အိုက်စ် ၂၀ ဒသမ ၁၇၆ ဂရမ်တို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ (၆၂)လမ်း၊ သရဖီနှင့် စံပယ်လမ်းကြားတွင် အိုက်နောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့ မီးလောင်ပြင်မှ ရွှေထည်ပစ္စည်းများ ရှာဖွေတွေ့ရှိ၍ ပိုင်ရှင်များထံအပ်နှံ

**ဘိုကလေး နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ အမှတ်(၁)ရပ်ကွက် ရွှေငါးကြီးဆိပ် ဒုတိယလမ်းရှိ မီးလောင်ပြင်နေရာတွင် သက်ဆိုင်ရာက ရွှေထည်ပစ္စည်းများ ရှာဖွေတွေ့ရှိ၍ နိုဝင်ဘာ ၈ ရက်က ပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်အနေနဲ့ သဘာဝဘေးကြုံပြီးရင် ပြန်လည်ထူထောင်ရေးအပိုင်းကို မဖြစ်မနေ လုပ်ရပါတယ်၊ မီးဘေးသင့်ပြီးတဲ့နောက်ပိုင်း မီးလောင်ပြင်နေရာကို တာဝန်ရှိသူတွေ ဦးဆောင်ပြီး ရှင်းလင်းရတယ်၊ ဒီလိုရှင်းတဲ့နေရာမှာ နေအိမ်နေရာတစ်ခုချင်းအလိုက် အသေးစိတ်အတတ်နိုင်ဆုံး ရှာဖွေရှင်းလင်းကြပါတယ်၊ အခု မီးလောင်ပြင်ကို ရှင်းလင်းရာမှာ ရွှေထည်တချို့ရှာဖွေတွေ့ရှိတဲ့အတွက် ပိုင်ရှင်တွေထံ စနစ်တကျပြန်အပ်ပေးလိုက်ပါတယ်၊ အားလုံးရှင်းလင်းပြီးရင်တော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စတင်မှာဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။



အဆိုပါ မီးလောင်ပြင်မှ ရွှေဆွဲကြိုး ငါးကုံး၊ ရွှေဘီးတစ်ချောင်း၊ စိန်ဘယက်တစ်ကုံး၊ စိန်လက်စွပ်တစ်ကွင်း၊ စိန်လက်ကောက် တစ်ကွင်း၊ ရွှေလက်ကောက် ခြောက်ကွင်း၊ ရွှေလက်စွပ်တစ်ကွင်း၊ အလေးချိန် ငါးကျပ်သားခန့်ရှိ ရွှေတုံးတစ်တုံး၊ လက်ဝတ်ရတနာများ ထည့်ထားသော ဘူးတစ်ဘူးနှင့် ရွှေတိုရွှေစများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မီးလောင်ပြင် ရှင်းလင်းရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနများမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အပါအဝင်အင်အား ၁၀၀ ကျော်ဖြင့် စုပေါင်းရှင်းလင်းပေးခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီခန့်က လောင်စာဆီ ဖြည့်ရာမှ စတင်၍ လောင်ကျွမ်းခဲ့သော မီးဘေးကြောင့် ဘိုကလေးမြို့ ဒုတိယလမ်း၌ နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၃ စုမှလူဦးရေ ၅၀ ခန့် မီးဘေးသင့်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ယခုဘဏ္ဍာနှစ် ခုနစ်လတာအတွင်း တရားမဝင်သစ်တန်ချိန် ၁၅၀၀ ကျော် သိမ်းဆည်းရမိ

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ တရားမဝင်သစ်တန်ချိန် ၁၅၇၀ ဒသမ ၇၆၅၂ တန် သိမ်းဆည်းရမိကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ စာရင်းများအရ သိရသည်။

"အခုဟာက ပွင့်လင်းရာသီဆိုတော့ ကျွန်တော်တို့ကပိုပြီးတော့ အာရုံစိုက်ရတာပေါ့၊ ဒီအပေါ်မှာ ဖိဖိစီးစီးဆောင်ရွက်ပြီး ကျွန်တော်တို့ အလုပ်လုပ်သွားမှာပါ၊ အရင်ထက်စာရင် ပြည်သူတွေ ပူးပေါင်းပါဝင်လာတဲ့အတွက်လည်း ဖမ်းဆီးအင်အား ပိုကောင်းလာတယ်"ဟု အဆိုပါဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း တရားမဝင်သစ်သိမ်းဆည်းရမိမှုမှာ ကျွန်း ၃၈၂ ဒသမ ၃၈၂၀ တန်၊ သစ်မာ ၆၅၉ ဒသမ ၁၄၁၁ တန်နှင့် အခြား ၅၂၉ ဒသမ ၂၄၂၁ တန် သိမ်းဆည်းရမိခဲ့ပြီး အမှုအရေအတွက်မှာ ၆၆၅ မှု ဖြစ်ပြီး သစ်တောဥပဒေ၊ နည်းဥပဒေ၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ အများနှင့် သက်ဆိုင်သော ကာကွယ်စောင့်ရှောက်ရေးဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း ယင်းဌာန၏မှတ်တမ်းများအရ သိရသည်။

"သီတင်းကျွတ်၊ တန်ဆောင်တိုင် ရုံးပိတ်ရက်ရှည်တွေ နည်းနည်းများသွားတော့ ဝန်ထမ်းတွေက တချို့နေရပ်ပြန်တဲ့အတွက် တရားမဝင်သစ်လုပ်တဲ့သူတွေက ဒါကိုအခွင့်ကောင်းယူပြီး လုပ်ဖို့အစီအစဉ်တွေရှိနေမယ်လို့ မှန်းလို့ရပါတယ်၊ ရုံးချုပ်က ကျွန်တော်တို့ကို အဲဒီရက်တွေမှာ သေချာလေးဂရုစိုက်ဆောင်ရွက်ဖို့ ပြောပါတယ်၊ ကျွန်တော်ဌာနအနေနဲ့က အဲဒီရက်တွေမှာ မပြန်ဘဲနဲ့ အထူးဂရုစိုက်ပြီး ဖမ်းတဲ့အခါကျတော့ မိတာလေးတွေရှိပါတယ်"ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ မြင်းခြံမြို့တို့မှ တရားမဝင်သစ် ၇၈ ဒသမ ၄၆၂၇ တန် သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပစ္စည်းအဖြစ် ကားသုံးစီးနှင့် ရှပ်ပြေးရေယာဉ်တစ်စင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**နဒီလှိုင်း**

# တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် အဝတ်အထည်ပစ္စည်းများ သယ်ဆောင်လာမှု ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ် သုံးစီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် အဝတ်အထည်ပစ္စည်းများ သယ်ဆောင်လာမှုကို ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းတွင် နိုဝင်ဘာ ၈ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေးမြို့သို့ သွားရောက်မည့် ဗင်နှစ်စီးနှင့် ပရိဘောက်ယာဉ်တစ်စီးတို့ကို တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် စောင်များ ခုနစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၃ ဒသမ ၇၉၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးစစ်ဆေးလျက်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်းတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည် တားဆီးနိုင်ခဲ့မှု ခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၉ ဒသမ ၀၁၇ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၉၃၀ သန်းခန့်) စုစုပေါင်းတားဆီးနိုင်မှု ကိုးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၉ ဒသမ ၉၄၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

နိုဝင်ဘာ ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၃၁ စီး၊ သွင်းကုန် ၇၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

# ရေတံခွန်၌ ရေကစားရင်း ကျောင်းသားနှစ်ဦး ရေနစ်သေဆုံး

**ရေတာရှည် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အရှေ့ဘက် ကိုးမိုင်ခန့်အကွာ ခရိုင်ချင်းဆက်လမ်း ရေလွှဲကျေးရွာအနီးရှိ ကရင်ချောင်းရေတံခွန်တွင် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် တောင်ငူအဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၁ ဦးသည် ပျော်ပွဲစားထွက်ရင်း ရေတံခွန်အတွင်းရေဆော့ကစားခဲ့ရာမှ ညနေ ၄ နာရီခွဲခန့်က ရေစီးသန်သည့်အချိန် ရေဆော့ကစားသူများအနက် မောင်ညီညီလွင်(၂၃)နှစ် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ဒုတိယနှစ်(မြန်မာစာ) နှင့် မောင်သန့်ဇင်(၂၂)နှစ် ဒုတိယနှစ်(သမိုင်း)ရေအိုးစဉ်ကျေးရွာ ကျောက်ကြီးမြို့နယ် နေသူတို့နှစ်ဦးမှာ ရေနစ်ပျောက်ဆုံးသွားခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကြည်ဖေ၊ တာဝန်မှူး ရဲအုပ်လှမြင့် ဦးစီးအဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ပျောက်ဆုံးသွားသည့် ကျောင်းသားနှစ်ဦး၏ အလောင်းများကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်လည်တွေ့ရှိခဲ့၍ မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# နှစ်မှချည်တစ်ခါ သာချည်တစ်လှည့်နဲ့ တင်းနစ်လောက




နိုဝင်ဘာ ၆ ရက်က တင်းနစ်လောကအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွေကို ထုတ်ပြန်ခဲ့ရာမှာ ပြီးခဲ့တဲ့နှစ်က ကမ္ဘာ့အဆင့် (၁)နဲ့ (၂)နေရာမှာ ရပ်တည်နေတဲ့ နိုဗက်ဂျိုကိုဗစ်နဲ့ အန်ဒီမာရေးတို့ဟာ အဆင့်(၁၂)နဲ့ (၁၆)နေရာတွေမှာ အသီးသီး ရပ်တည်ကာ ရာသီသိမ်းသွားခဲ့ရပါပြီ။ ဂျိုကိုဗစ်ဆို ၂၀၀၇ ခုနှစ် မတ်လနောက်ပိုင်း ကမ္ဘာ့အဆင့်(၅) နေရာ အပြင်ဘက်ကို ပထမဦးဆုံးအကြိမ် ရောက်ရှိသွားတာဖြစ်သလို မာရေးအတွက်လည်း ၂၀၁၄ ခုနှစ် အောက်တိုဘာလ နောက်ပိုင်း ပထမဦးဆုံးအကြိမ် ထိပ်တန်း (၁၀)နေရာကနေ ဆင်းပေးလိုက်ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း နာဒယ်လ်နဲ့ ဖက်ဒဲရာတို့ အလားတူ အခြေအနေတွေ ကြုံခဲ့ရဖူးပြီး လက်ရှိမှာတော့ ဒီနှစ်ဦးက ကမ္ဘာ့အဆင့်(၁)နဲ့ (၂)နေရာတွေကို ရယူပြီး ရာသီသိမ်းသွားပါပြီ။

မနှစ်က နန်းကျဘုရင်ဖြစ်နေတဲ့ နာဒယ်လ်နဲ့ ဖက်ဒဲရာတို့ နှစ်ဦးဟာ ဒီနှစ်မှာတော့ ထိပ်ဆုံးနေရာနဲ့ ၂၀၁၇ ခုနှစ်ကို အောင်အောင်မြင်မြင် နှုတ်ဆက်နိုင်ဖို့ သေချာသွားချိန်မှာ မနှစ်က ထိပ်ဆုံးနေရာမှာရှိနေခဲ့တဲ့ မာရေးနဲ့ ဂျိုကိုဗစ်တို့ကတော့ ဆန့်ကျင်ဘက် အနေအထားရောက်သွားတာပါ။ နာဒယ်လ်နဲ့ ဖက်ဒဲရာတို့ဟာ ပြီးခဲ့တဲ့ရာသီက ကမ္ဘာ့အဆင့် (၈) ပြင်ပရောက်ရှိနေတာကြောင့် အမျိုးသား ထိပ်တန်း တင်းနစ်ကစားသမား ရှစ်ယောက် ဝင်ပြိုင်ရလေ့ရှိတဲ့ ဘာကလေ ATP ရာသီသိမ်း ဖလားကိုတောင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရခဲ့ပါဘူး။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နှစ်က ATP ရာသီသိမ်းဖလားအပေါ် ပရိသတ် စိတ်ဝင်စားမှု သိသိသာသာ လျော့ကျခဲ့တာကို တွေ့ရပါတယ်။ တင်းနစ်လောကမှာ"ဖက်ဒဲရာ၊ နာဒယ်လ်၊ ဂျိုကိုဗစ်၊ အန်ဒီမာရေး"တို့ကို ထိပ်တန်းကစားသမား လေးဦးအဖြစ် သတ်မှတ်ထားတာ နှစ်အတော်ကြာပါပြီ။

ဒီထဲမှာ ဖက်ဒဲရာက ဂရင်းစလင်းဖလား ၁၉ ကြိမ်၊ ရာဖေးလ်နာဒယ်လ်က ၁၆ ကြိမ်၊ ဂျိုကိုဗစ်က ၁၂ ကြိမ် ရယူထားနိုင်ပြီး မာရေးတစ်ဦးသာ ဂရင်းစလင်းဖလား သုံးကြိမ် ရဖူးတာပါ။ မာရေးဟာ ဂရင်းစလင်းအောင်မြင်မှု သိပ်မရပေမယ့် ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲကို ငါးကြိမ် တက်လှမ်းနိုင်ခဲ့ဖူးသလို ပြင်သစ်အိုးပင်းဗိုလ်လုပွဲကိုလည်း တစ်ကြိမ်ရောက်ရှိခဲ့ဖူးပါတယ်။ ဗြိတိန်နိုင်ငံသားတွေက အားကစားကို အရူးအမူးအားပေးကြတာကလည်း ဗြိတိန်သား မာရေးအတွက် နောက်ထပ်ကံကောင်းစေတဲ့အချက်ပါ။ ဗြိတိန်မီဒီယာတွေရဲ့ အမွှမ်းတင် ဖော်ပြလွန်းမှုကြောင့်လည်း မာရေးဟာ ကမ္ဘာ့ထိပ်တန်း ဂျိုကိုဗစ်၊ နာဒယ်လ်၊ ဖက်ဒဲရာတို့လို ကစားသမားတွေနဲ့ နာမည်တစ်တန်းတည်း ဖြစ်နေစေတာပါ။ တကယ်တမ်းတွေးကြည့်ရင် မာရေးရဲ့ အကောင်းဆုံးလက်စွမ်းကို ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်အတွင်းမှာသာ မြင်တွေ့ရပြီး အဲဒီအချိန်က ဂျိုကိုဗစ်ကလည်း ဒဏ်ရာပြဿနာကြုံ၊ နာဒယ်လ်နဲ့ ဖက်ဒဲရာတို့ကလည်း ဒဏ်ရာပြဿနာကြောင့် ကာလအတော်ကြာ အနားယူနေရတာနဲ့ တိုက်ဆိုင်နေတာမို့ပါ။

အန်ဒီမာရေးဟာ ဝင်ဘယ်လ်ဒန်အိုးပင်း ကွာတားဖိုင်နယ်မှာ ဆမ်ကွေရီကို ရှုံးနိမ့်သွားခဲ့ပေမယ့် ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်ထိန်းဖို့အတွက် ယူအက်စ်အိုးပင်းကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရောက်လာခဲ့သေးကာ ပြိုင်ပွဲမစတင်မီ နှစ်ရက်အလိုကမှ ဒဏ်ရာ မသက်သာလို့ ပြိုင်ပွဲကနေ နုတ်ထွက်သွားတာ ဖြစ်ပါတယ်။ မာရေးအနေနဲ့ ဩစတြေးလျအိုးပင်း မတိုင်မီ ကျင်းပတဲ့ ဘရစ္စဘိန်းအိုးပင်းကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ မျှော်မှန်းထားပေမယ့် ရာနှုန်းပြည့် ကြံ့ခိုင်မှု မပြည့်ဝဘူးဆိုရင် တင်းနစ်ပြိုင်ပွဲတွေဆီ ခြေဦးလှည့်လာဦးမှာ မဟုတ်ဘူးလို့ ဆိုလိုက်ပါတယ်။ သူဟာ မနှစ်က ဖက်ဒဲရာ ကျင့်သုံးတဲ့ ပုံစံကို ပြန်လည်ကျင့်သုံးမယ့် အနေအထားရှိပြီး ဒဏ်ရာပြဿနာကနေ ရှင်းရှင်းလင်းလင်း လွန်မြောက်မှသာ ပြန်ကစားဖို့ ရည်မှန်းထားတယ်လို့ ဆိုပါတယ်။

ဂလက်စ်ကိုမှာ ရန်ပုံငွေပွဲအတွက် ယှဉ်ပြိုင်စဉ်မှာလည်း ဖက်ဒဲရာက "ခင်ဗျား ပြန်လာမယ့်အချိန်ကျရင် ရာနှုန်းပြည့်ရှိဖို့ ဆန္ဒရှိမှာပါပဲ။ ဒီလိုမှမဟုတ်ရင် အကောင်းဆုံးတွေကို အနိုင်ကစားနိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ပြိုင်ပွဲကြီးတွေကို ယှဉ်ပြိုင်နိုင်ဖို့ မဖြစ်နိုင်ဘူးလို့ ခံစားရမှာပါ"လို့ ပြောကြားလိုက်ပါတယ်။ ဖက်ဒဲရာကိုယ်တိုင်ကလည်း ပြီးခဲ့နှစ်တုန်းက ဒီလိုအခြေအနေကို ကြုံခဲ့ရဖူးပြီး ဖက်ဒဲရာရဲ့ အခြေအနေက ပိုပြီးတော့တောင် ဆိုးတယ်လို့ ဆိုမှာပါ။

ဖက်ဒဲရာဆို ဝင်လ်ဘယ်လ်ဒန်ဖလား ပြိုင်ပွဲကျင်းပခဲ့တဲ့ ဇူလိုင်လကတည်းက ဒူးဒဏ်ရာကြောင့် ရာသီဝက်အနားယူခဲ့ရတဲ့ အပြင် အဲဒီကတည်းက အသက်(၃၅)နှစ်ရှိနေပြီဖြစ်တဲ့အတွက် အားလုံးက ဖက်ဒဲရာ ကစားသမားဘဝ အဆုံးသတ်သွားပြီလို့ ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် ဖက်ဒဲရာဟာ ၂၀၁၇ ခုနှစ်အတွင်း ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်လ်ဒန် အိုးပင်း တွေမှာ ဗိုလ်စွဲခဲ့သလို ကမ္ဘာ့အဆင့်(၂)နေရာနဲ့ ရာသီသိမ်းနိုင်ဖို့ သေချာသွားခဲ့ပါပြီ။ ရာဖေးလ်နာဒယ်လ်ဆိုလည်း ဒဏ်ရာပြဿနာကနေ ပြန်လာခဲ့ပြီးနောက် ဩစတြေးလျအိုးပင်းမှာ ဗိုလ်လုပွဲ၊ ပြင်သစ်အိုးပင်းနဲ့ ယူအက်စ်အိုးပင်းတို့မှာ ချန်ပီယံဖြစ်ခဲ့ကာ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်ခဲ့ပါတယ်။

မကြာခင်ကာလအတွင်း ၂၀၁၇ တင်းနစ်ရာသီဟာ ကန့်လန့်ကာချ ပိတ်သိမ်းတော့မှာဖြစ်ပြီး ဒီရာသီမှာ တင်းနစ်လောကရဲ့ ဂန္ထဝင်ကစားသမားတွေဖြစ်တဲ့ ဖက်ဒဲရာနဲ့ နာဒယ်လ်တို့ တစ်ကျော့ပြန် လက်စွမ်းတွေနဲ့ အစွမ်းပြခဲ့ကြသလို လာမယ့် ၂၀၁၈ ခုနှစ်မှာလည်း ထိပ်ဆုံးနေရာတွေကိုဆုပ်ကိုင်ပြီး ရာသီသိမ်းမယ့်သူတွေ ထပ်ပေါ်ပေါက်လာဦးမှာ ဖြစ်ပါတယ်။ အားလုံးက အမြင့်ဆုံးဆိုတဲ့နေရာမှာ ထာဝစဉ် တည်ရှိနိုင်ဖို့ဆိုတာ မလွယ်တာကြောင့် အချိန်ကာလ တစ်ခုမှ တစ်ခုကို ပြောင်းလဲသွားချိန်ရောက်ရင် ထိပ်ဆုံးမှာရှိချင်လည်း ရှိမယ်၊ အနည်းငယ်ကျသွားချင်လည်း ကျသွားမယ်၊ (ဒါမှမဟုတ်) လုံးဝထိုးဆင်းသွားတာတွေလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဂန္ထဝင်မြောက်အောင် စွမ်းဆောင်နိုင်သူတွေ ဆိုတာကတော့ ကျဆင်းတဲ့ ရွေ့လျားမှု သိပ်မမြန်ဘဲ အကြောင်းတစ်ခုခုကြောင့် ကျဆင်းသွားရင်တောင် ပြန်လည်ထူမတ်နိုင်ကြတဲ့သူတွေ ဆိုတာကတော့ သေချာပါတယ်။

**မေလွဲသင်း ရေးသားသည်**

## မော်ရင်ဟို ဘယ်လဲ



မန်ယူနည်းပြ မော်ရင်ဟိုဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ် လောက်ကစပြီး ပီအက်စ်ဂျီအသင်းနဲ့ ဆက်သွယ်နေတယ်ဆိုတဲ့ သတင်းတွေ တောက်လျှောက် ထွက်နေချိန်မှာပဲ မော်ရင်ဟို ကိုယ်တိုင်ကလည်း သူနဲ့ ပီအက်စ်ဂျီအသင်းတို့ ဆက်သွယ်နေတယ်ဆိုတဲ့ အချက်ကို သွယ်ဝိုက်တဲ့နည်းနဲ့ ဖော်ပြခဲ့တာမျိုးလည်း ပြုခဲ့ပါတယ်။ ဒါပေမယ့် မန်ယူဘုတ်အဖွဲ့က မော်ရင်ဟိုကို လက်ရှိ ရရှိနေတဲ့ လုပ်ခလစာထက် တစ်နှစ် ပေါင် သုံးသန်း ပိုရမယ့် လစာနှုန်းထားအသစ်နဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ ကမ်းလှမ်းခဲ့တယ်ဆိုတဲ့ သတင်းတွေ ကြားကာလမှာ ထွက်လာပြန်ပါတယ်။ ဒီသတင်းတွေကို ဆက်စပ်တွေးရရင် မော်ရင်ဟိုနဲ့ ပီအက်စ်ဂျီတို့ ဆက်သွယ်နေတဲ့အပေါ် မန်ယူဘုတ်အဖွဲ့ဝင်တွေက မော်ရင်ဟိုကို ဆုံးရှုံးရမယ့်အရေး ရတက်မအေးတာကြောင့် စာချုပ်သစ် ထပ်ချုပ်ဖို့ ကြိုးစားနေတာ ဖြစ်တယ်လို့ ယေဘုယျ ကောက်ချက်ချနိုင်ပါတယ်။

တကယ်တမ်း ထွက်နေတဲ့ သတင်းတွေဟာ အလုံးစုံမမှန်ဘဲ မန်ယူဘုတ်အဖွဲ့ဝင်တွေက ငွေသုံးကြမ်းပြီး ပရီမီယာလိဂ်မှာ မန်စီးတီးနဲ့ ဒီလောက်အထိ ရမှတ်ပြတ်နေတာကို စိတ်ခုနေကြသလို ကစားတဲ့ပွဲအတော်များများမှာလည်း ပရိသတ်စိတ်ကြိုက်ကစားကွက် ဖန်တီးနိုင်မှုမရှိတာ၊ ပရိသတ်တွေရဲ့ ဝေဖန်မှုကို တစ်ကြိမ်ပြီးတစ်ကြိမ် ပြန်ပြောင်းတူးဆွနေတတ်တဲ့ မော်ရင်ဟိုရဲ့စရိုက်အပေါ် စိတ်ပျက်နေကြတယ်လို့လည်း သိရပါတယ်။ ငွေသုံးကြမ်းတာချင်းအတူ ခါးသီးတဲ့ မြို့ခံပြိုင်ဘက် မန်စီးတီးက ရပ်တန့်လို့မရတဲ့ပုံစံနဲ့ ခရီးဆက်နေချိန်မှာ မော်ရင်ဟိုရဲ့ မန်ယူက စမ်းသပ်ခံနိုင်မှု အားနည်းနေဆဲအခြေအနေ ဖြစ်နေတာတွေကလည်း မန်ယူဘုတ်အဖွဲ့ဝင်တွေရဲ့ မော်ရင်ဟိုအပေါ် ယုံကြည်ကိုးစားမှုကို လျော့နည်းသွားစေခဲ့တာပါ။ ဒါကြောင့်လည်း တကယ်လို့ မော်ရင်ဟိုသာ ပီအက်စ်ဂျီသွားဖို့ ဆုံးဖြတ်ထားရင်လည်း သူတို့အနေနဲ့ တားဆီးဖို့ မကြိုးစားတော့ဘဲ အသာတကြည် လက်လွှတ်ခံမယ့် သဘောရှိတာကို မြင်တွေ့နေရပါတယ်။

မော် ရင် ဟို က အသင်းမှာ ဒဏ်ရာရ ကစားသမား များနေတာကြောင့် လာမယ့် ဇန်နဝါရီ ဈေးကွက်ဖွင့်ချိန်မှာ ကစားသမားသစ် ထပ်ခေါ်ဖို့ ဆန္ဒရှိပေမယ့် မန်ယူဘုတ်အဖွဲ့ဝင်တွေက အသင်းက ပိုလျှံ ကစားသမားတွေကို ထုတ်ရောင်းပြီးကာမှ ကစားသမားသစ်ခေါ်ရေးကို ဆောင်ရွက်ပေးချင် နေကြပါတယ်။ မော်ရင်ဟိုက မန်ယူကို ကိုင်တွယ်တာ ၁၈ လ မပြည့်သေးခင်မှာဘဲ အပြောင်းအရွှေ့အတွက် ပေါင် ၂၈၅ သန်း သုံးစွဲပြီးဖြစ်သလို ကစားသမားတွေအတွက် ပေးချေရတဲ့ လစာနှုန်းထားကလည်း အရင်ကထက် ၁၃ ဒသမ ၅ ရာခိုင်နှုန်း တက်လာပြီး တစ်နှစ်ကို ၂၆၃ ဒသမ ၅ သန်းအထိ ပေးချေနေရပါတယ်။

မော်ရင်ဟို မန်ယူကို ကိုင်တွယ်ပြီးနောက် ကစားသမား ၁၆ ဦးကို အသင်းကနေ ထွက်ခွာခွင့်ပေးပြီး ဖြစ်ပေမယ့် ပြောင်းရွှေ့ကြေး ကြီးကြီးမားမားရတဲ့ အပြောင်းအရွှေ့ဆိုလို့ ဒီပိုင်းအတွက် ပေါင် ၁၆ သန်းနဲ့ ရှနိုက်ဒါလင်အတွက် ပေါင် ၂၂ သန်း ပြန်ရတာ ဒီနှစ်ခုပဲ ရှိပါတယ်။ ကျန်တာက အလွတ်ပြောင်းရွှေ့ကြေး၊ တန်ဖိုးနည်း ပြောင်းရွှေ့ကြေးတို့သာ ရရှိပြီး ပေါင် ၅၆ သန်းသာ ပြန်ရခဲ့ပါတယ်။ ဒါကြောင့်လည်း ဘုတ်အဖွဲ့ဝင်တွေရဲ့ အမြင်အရ မော်ရင်ဟိုက ဝင်ငွေထက် ထွက်ငွေ များအောင် လုပ်ဆောင်သူလို့ အထင်ရောက်နေတာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မန်ယူဟာ ရာသီအစတုန်းကတော့ ပေးဂိုးမဲ့ပွဲတွေနဲ့ ဂိုးပြတ်နိုင်ခဲ့ပေမယ့် တဖြည်းဖြည်းနဲ့ ကျဆင်းလာပြီး မန်စီးတီးနဲ့ ရှစ်မှတ်အထိ ပြတ်လာခဲ့တာတွေက မန်ယူဘုတ်အဖွဲ့ဝင်တွေအတွက် ငြိုငြင်စရာဖြစ်လာခဲ့ပါတယ်။

ဒါ့အပြင် လူကာကူကို လူစားမလဲတဲ့ ကိစ္စရပ်ကို မော်ရင်ဟိုက တစ်ကျော့ပြီးတစ်ကျော့ ပြန်လည်တုံ့ပြန်ခဲ့တဲ့အပြင် ချယ်လ်ဆီးကိုလည်း ရှုံးနိမ့်ခဲ့သေးတာကြောင့် ပရိသတ်တွေရဲ့ ထောက်ခံမှုဟာ ၇၅ ရာခိုင်နှုန်းကနေ ၄၃ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားပါတယ်။ မော်ရင်ဟိုအနေနဲ့လည်း ဘုတ်အဖွဲ့ဝင်တွေက ငြိုငြင်၊ ပရိသတ်ကြိုက်နှစ်သက်မှုကလည်း ကျဆင်းနေတာကြောင့် လာမယ့်နွေမှာတောင် မန်ယူကနေထွက်ခွာပြီး ပီအက်စ်ဂျီကို ပြောင်းရွှေ့ဖွယ်ရှိနေပါတယ်။ ပီအက်စ်ဂျီ တာဝန်ရှိသူတွေကလည်း နေမာ၊ မက်ပီတို့လို ကစားသမားတွေကို ခေါ်ယူပေးထားပြီးတာတောင် ချန်ပီယံလိဂ်ဖလားကို မဆွတ်ခူးနိုင်ရင် လက်ရှိ နည်းပြ အမ်မရီကို ထုတ်ပယ်ပစ်ဖို့ အသင့်ပြင်ထားပြီးပြီလို့ သိရပါတယ်။

မော်ရင်ဟိုက ချယ်လ်ဆီးကို အရေးနိမ့်ခဲ့တဲ့ပွဲအပြီးမှာ သူ့အနေနဲ့ ဖာဂူဆန်၊ ဝင်းဂါးတို့လို အသင်းတစ်သင်းကို အကြာကြီး ကိုင်တွယ်ဖို့လည်း ရည်ရွယ်ချက်မရှိဘူးလို့ တုံ့ပြန်ခဲ့ပါသေးတယ်။ မန်ယူဘုတ်အဖွဲ့ဝင်တွေဘက်ကလည်း မော်ရင်ဟိုဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက မန်ယူအတွက် ဖလား နှစ်လုံး ဆွတ်ခူးပေးနိုင်ပေမယ့် ဂွါဒီယိုလာလို နည်းပြမျိုးနဲ့ နှိုင်းယှဉ်ရင် ခေါင်းတစ်လုံး နိမ့်နေတယ်လို့ ယူဆတာကြောင့် မော်ရင်ဟိုသာ ပီအက်စ်ဂျီကို ပြောင်းမယ်ဆို မတားဆီးဘဲ ထွက်ခွာခွင့်ပေးဖို့သာ ပြင်ဆင်ထားတယ်လို့ သတင်းတွေ ထွက်ပေါ်လာတာပါ။

မော်ရင်ဟိုဘက်ကလည်း ပြီးခဲ့တဲ့ နွေဈေးကွက်က သူလိုချင်တဲ့ အင်တာကွင်းလယ်လူ ပါရီဆစ်ကို မန်ယူက ရအောင် မခေါ်ပေးနိုင်ချိန်မှာ ပေါင်သန်း ၂၀၀ တန် နေမာအပြင် မက်ပီကိုလည်း ဘဏ္ဍာရေးမျှခြေစည်းမျဉ်းနဲ့ အံဝင်အောင် ခေါ်ပေးနိုင်တဲ့ ပီအက်စ်ဂျီ ဘုတ်အဖွဲ့ရဲ့ ဈေးကွက်လှုပ်ရှားပေးမှုအပေါ် သဘောကျတာကြောင့် ပီအက်စ်ဂျီကို ခြေလှမ်းစပြင်နေပြီလို့ ယူဆရပါတယ်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေအတွေး၊ ဥပဒေအမြင်နှင့် ဥပဒေအသိ

မောင်စာဂ

လူ့ဘောင်လောက မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို လူတို့သည် အချင်းချင်း အပြန်အလှန် အမှီသဟဲပြုလျက် နေထိုင်ကြသည်။ နီတိမှသည် ကျင့်ဝတ်၊ ကျင့်ဝတ်မှသည် စည်းကမ်း၊ စည်းကမ်းမှသည် ဥပဒေ စသည် စသည်ဖြင့် စည်းနှောင်ထားသည်။ ထိန်းကွပ်ထားသည်။ စောင့်ရှောက်ထားသည်။ နီတိ၊ ကျင့်ဝတ်၊ စည်းကမ်းကို မလိုက်နာကြလျှင်၊ ဥပဒေကို ချိုးဖောက်ကြလျှင် တရားဥပဒေ စိုးမိုးရေးဆိုသည် ပျက်သုဉ်းပြီး လူ့ဘောင်လောကတွင် လူမှုဒုက္ခအပေါင်းနှင့် ပင်လယ်ဝေ နေတော့မည်။ ဤသို့ဆိုလျှင် တရားဥပဒေစိုးမိုးရေးသည် လူ့ဘောင်လောကကြီး တစ်ခုလုံး၏ ပင်မကျောရိုးကြီးဖြစ်နေသည်။ တရားဥပဒေစိုးမိုးရေးရှိဖို့အတွက် ပညာရှင်တွေ၊ စိတ်ဝင်စားသူတွေက ရှုထောင့်မျိုးစုံမှ ထောက်ပြ၊ ဝေဖန်၊ သုံးသပ်၊ အကြံပြု၊ ရေးသား၊ ပြောဆို၊ ဆွေးနွေး၊ အသိပညာတွေ ပေးနေကြသည်။ ဝမ်းမြောက်ဂုဏ်ယူစရာပင်။

ဤတွင် တရားဥပဒေစိုးမိုးရေး အမှန်တကယ်ဖြစ်ထွန်းပေါ်ပေါက်နေဖို့ဆိုပါက လူတိုင်း ကိုယ်စီ ကိုယ်စီတွင် အထူးသဖြင့် ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးနေရသည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး တာဝန်ရှိသူတို့တွင် ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိ ရှိနေကြဖို့က အဓိကလိုအပ်ချက်ဖြစ်သည်ဟု စောကြောကြည့်မိပြန်သည်။ မျှဝေပါရစေ။

**ဥပဒေအတွေး**

ဥပဒေအတွေး ဟူသည် ဆောင်ရွက်ရမည့်ကိစ္စ၊ ဆောင်ရွက်ရမည့်အကြောင်းခြင်းရာ၊ ဖြေရှင်းရမည့် ပြဿနာ၊ သက်သေခံချက်အထောက်အထား၊ စာရွက်စာတမ်း စသည့် အငြင်းပွား အချက်အလက်များအပေါ် မဇ္ဈိမပဋိပဒါ နည်းကျကျ တွေးခြင်းဖြစ်သည်။ မဇ္ဈိမပဋိပဒါနည်းဆိုသည် အစွန်းတရား နှစ်ပါးကို ရှောင်၍ တွေးသည်။ ကြားတွင်နေသော အတွေးမျိုးမဟုတ်။ ခြံစည်းရိုးခွထိုင်သော အတွေးမျိုးမဟုတ်။ ယထာဘူတ ကျကျတွေးသည်။ အရှိကို အရှိအတိုင်း၊ ပကတိကို ပကတိအတိုင်း၊ ဓမ္မဓိဋ္ဌာန် ကျကျတွေးသည်။ အကောင်းနှင့်အဆိုးတွင် အကောင်းကို ယူသည်။ အဆိုးကိုပယ်သည်။ အမှန်နှင့် အမှားတွင် အမှန်ကိုယူသည်။ အမှားကို ပယ်သည်။ တရားမှုနှင့် မတရားမှုတွင် တရားမှုကိုယူသည်။ မတရားမှုကိုပယ်သည်။ ဤသို့မှတ်ယူတွေးခြင်းကို ဥပဒေအတွေးဟု သမုတ်လိုခြင်းဖြစ်သည်။

**ဥပဒေအမြင်**

ဥပဒေအမြင်ဟူသည် စာနာထောက်ထားခြင်းဖြင့် မြင်သောအမြင်ဟု ဆိုချင်သည်။ အရာရာတွင် ကိုယ်ချင်းစာနာစိတ်ဖြင့် မြင်သောအမြင်၊ ကိုယ်ချင်းစာတရားရှေ့ထား၍ မြင်သောအမြင်ဖြစ်သည်။ တစ်ခုခု၊ တစ်စုံတစ်ရာကို ဆောင်ရွက်တော့မည်၊ ဆုံးဖြတ်တော့မည်၊ စီရင်ချက်ချတော့မည်ဆိုလျှင် သူ၏နေရာကို အသင်က ဝင်ကြည့်လိုက်ပါ။ အသင်သာ မမှန်မကန်ခံရမည်ဆိုလျှင်၊ အသင်သာ မတရားမှုကိုခံရတော့မည်ဆိုလျှင် အသင်မည်သို့ဖြစ်သွားမည်နည်း။ အသင်၏မိဘ၊ သားသမီး၊ ဆွေမျိုးတွေ မည်သို့ဖြစ်သွားမည်နည်း။ သူ့နေရာကို အသင်ဝင်ပြီး မြင်ကြည့်လိုက်ပါ။ မြင်အောင်ကြည့်လိုက်ပါ။ အသင်မမှန်မကန် မတရားတာ ဆောင်ရွက်ရဲတော့ပါမည်လား။ ဆုံးဖြတ်ရဲတော့ပါမည်လား။ စီရင်ချက် ချရဲတော့ပါမည်လား။

မမှန်မကန်ဆောင်ရွက်မှုတွေ၊ ဆုံးဖြတ်မှုတွေ၊ စီရင်ချက် ချမှတ်မှုတွေကြောင့်၊ မတရားသဖြင့် ဆောင်ရွက်မှုတွေ၊ ဆုံးဖြတ်မှုတွေ၊ စီရင်ချက်ချမှုတွေကြောင့် အပြစ်ကင်းစင်သူတွေ၊ တရားသဖြင့် နေထိုင်သူတွေ၏ ဘဝနှင့် စည်းစိမ်ဥစ္စာများ ပျက်ပြားသွားရတာတွေ၊ လူမှုရေးဆုံးရှုံးသွားရတာတွေ၊ ဆင်းရဲဒုက္ခကျရောက်တာတွေ၊ မျက်ရည်ပင်လယ်ဝေရတာတွေ အသင် မြင်အောင်ကြည့်ပါ။ မြင်အောင်ကြည့်၍ မြင်ပြီတွေ့ပြီဆိုလျှင် ထိုသို့သော မမှန်မကန်မှုတွေ၊ မတရားမှုတွေ အသင်ပြုမူဆောင်ရွက်ရဲတော့ပါမည်လား။ ဤကဲ့သို့မြင်တတ်သောအမြင်သည် ဥပဒေအမြင်ဟူ၍ ဆိုလိုက်ရခြင်းဖြစ်သည်။

**ဥပဒေအတွေး၊ ဥပဒေအမြင်ရှိဖို့ဆိုလျှင်**

ဥပဒေအတွေး၊ ဥပဒေအမြင်ရှိကြဖို့ဆိုလျှင် ဥပဒေစိတ်ထားရှိကြဖို့ လိုအပ်သည်။ ဥပဒေစိတ်ထား မရှိလျှင် ဥပဒေအတွေး တွေးတတ်မည်မဟုတ်။ ဥပဒေအမြင် မြင်တတ်မည် မဟုတ်။ ဥပဒေစိတ်ထား ဆိုသည်မှာ အဘယ်နည်း။ ဥပဒေစိတ်ထားကို အလျဉ်းသင့်သလို ရေးခဲ့ပြီးသမျှ ဆောင်းပါးများတွင် ထပ်ကာထပ်ကာဖော်ပြခဲ့ဖူးသည်။ ယခုလည်း ထပ်မံ ဖော်ပြပါဦးမည်။ ဤသို့ ဖော်ပြနေခြင်းမှာ လူတိုင်းလူတိုင်း၏ ရင်ထဲနှလုံးသားထဲတွင် ဥပဒေစိတ်ထားဆိုသည် စွဲစွဲမြဲမြဲရှိနေ၊ ဖြစ်နေစေချင်သည့် ဆန္ဒပြင်းပြလွန်းနေ၍ဖြစ်သည်။

**ဥပဒေစိတ်ထား**

ဥပဒေစိတ်ထားဟူသည်ကား ရိုးသားဖြောင့်မတ်၏။ ရဲရင့်၏။ တည်ကြည်၏။ မှန်ကန်မျှတမှုကို လိုလား၏။ တရားသဖြင့် ဖြစ်စေမှုကို အလေးထား၏။ အညီအမျှဖြစ်စေမှုကို မြတ်နိုး၏။ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်မှုကို တန်ဖိုးထား၏။ ဘက်လိုက်မှု၊ ခွဲခြားမှုကို ရွံမုန်းရှာ၏။ မတရားမှု၊ မမှန်ကန်မှု ပြုရမည်ကိုရှက်၏။ ကြောက်၏။ ဤသည်တို့ကား ဥပဒေစိတ်ထား၏ အခြေခံများ ဖြစ်သည်။

**ဥပဒေအသိ**

ဥပဒေစိတ်ထားရှိလျှင် ဥပဒေအတွေးဖြင့် တွေးတတ်သည်။ ဥပဒေအမြင်ဖြင့် မြင်တတ်သည်။ ဥပဒေအတွေးတွေးတတ်လျှင် ဥပဒေအမြင်မြင်တတ်လျှင် ဥပဒေအသိကို ရရှိသည်။ ဥပဒေအသိဟူသည် ဥပဒေ၏ ပင်စည်ဟု ဆိုအပ်သော လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားကို သိခြင်းဖြစ်သည်။ ဥပဒေ၏ အကိုင်းအခက်၊ အသီးအရွက်၊ အဖူးအငုံဟု ဆိုအပ်သော တရားမျှတခြင်းဆိုသည့် လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှုဆိုသည်ကို သိခြင်းဖြစ်သည်။ လွတ်လပ်ခြင်းဆိုသည့် လွတ်လပ်စွာတွေးကြံနိုင်မှု၊ ဖွင့်ဟပြောဆိုနိုင်မှု၊ ယုံကြည်နိုင်မှု၊ ကိုးကွယ်နိုင်မှု၊ ပရိယေသနရှာမှီးနိုင်မှု၊ စည်းရုံးနိုင်မှု၊ ပြုမူပြောဆိုနိုင်မှုတို့ကို သိခြင်းဖြစ်သည်။ ညီမျှခြင်းဆိုသည့် အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုဆိုသည်ကို သိခြင်းဖြစ်သည်။ ဤသို့သိသော အသိသည် ဥပဒေအသိဟု ခေါ်ဆိုအပ်သည်။

**ဥပဒေကို ဘာ့ကြောင့် ကြောက်စရာဟု မြင်နေတတ်ကြသနည်း**

ဥပဒေသည် လွတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားကို အခြေခံထားသည်။ လောကပါလတရားသည် ဥပဒေ၏အနှစ် ဖြစ်သည်။ တရားသဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများဖြစ်၍ တရားဥပဒေဟူ၍ ယှဉ်တွဲပြီး ခေါ်ဝေါ်သုံးစွဲကြသည်။ ဤသို့သော ဥပဒေကို ဘာ့ကြောင့် ကြောက်စရာဟု မြင်တတ်ကြသနည်း။ ဘာ့ကြောင့် ဥပဒေအပေါ် မကောင်းပြော၊ မကောင်းမြင် ဖြစ်တတ်ကြသနည်း။

အမှန်တော့ ရှင်းပါသည်။ ဥပဒေကြောင့်မဟုတ်ပါ။ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသူ၊ အုပ်ချုပ်ရေးပိုင်း၊ တရားစီရင်ရေးပိုင်း တာဝန်ရှိသူတို့၏ မမှန်ကန်သော ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်၊ စီရင်ချက်များကြောင့်သာဖြစ်သည်။ တရားမျှတမှုမရှိသော ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်၊ စီရင်ချက်များကြောင့်သာဖြစ်သည်။ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ကြသူများ၏ မမှန်မကန်၊ မတရားသဖြင့် ဆောင်ရွက်ချက်များကြောင့်သာ ဥပဒေသည် အပြစ်ပြောခံရသည်။ ကြောက်စရာဟု အမြင်ခံရသည်။

**ပြင်ရမည်၊ ပြောင်းရမည်ဆိုသည်မှာ**

ဥပဒေဟူသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ရှိပြီးသား ဥပဒေများကို ပြင်ဆင်သင့်က ပြင်ဆင်ရမည်။ အဟောင်းကို ရုပ်သိမ်း၍ အသစ်ပြန်လည် ပြဋ္ဌာန်းသင့်က ပြဋ္ဌာန်းပေးရသည်။ မရှိသေးသော ဥပဒေကို ပြဋ္ဌာန်းရန်လိုအပ်က ထပ်မံပြဋ္ဌာန်းပေးရသည်။ ဥပဒေကို ခေတ်နှင့်အညီ ကောင်းသထက်ကောင်းအောင် ပြင်ဆင်၊ မွမ်းမံပြဋ္ဌာန်းပေးရခြင်းသည် ဥပဒေပြုအဖွဲ့များ၏ တာဝန်တစ်ရပ်ဖြစ်သည်။

သို့ရာတွင် ဥပဒေတွေက မည်သို့ပင် တိုးတက်ကောင်းမွန်လာပါစေ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရသူများက ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိ မရှိကြသေးလျှင်၊ ခေါင်းပါးနေသေးလျှင် မမှန်ကန်သော၊ တရားမျှတမှုမရှိသော ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်၊ စီရင်ချက်များက ရပ်တန့်မသွား ပေါ်ပေါက်လာနေဦးမည်ဖြစ်သည်။

ပြည်သူများအကြားတွင်လည်း ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်လွန်းခြင်း၊ အတ္တမာနကြီးမားခြင်း၊ ကိုယ်ချင်းစာနာတရားနည်းပါးခြင်း၊ မနာလိုဝန်တို၊ မစ္ဆရိယစိတ်များ လွန်ကဲခြင်း၊ အရှက်တရား အကြောက်တရားကင်းမဲ့ခြင်းတို့ ဖြစ်နေကြလျှင် ဥပဒေစိတ်ထား၏ ဆန့်ကျင်ဘက်ဖြစ်သော အစွန်းရောက်အတွေးအခေါ်၊ အသိအမြင်၊ အကြံအစည်၊ အပြောအဆို၊ အပြုအမူများ ကြီးထွားလာမည်။ ဥပဒေမဲ့လုပ်ရပ်များ၊ ဥပဒေချိုးဖောက်ကျူးလွန်မှုများ ဖြစ်ပွားလာမည်။ ယင်းသို့ဆိုလျှင် တရားဥပဒေ စိုးမိုးရေး ပျက်ပြားမှုက ရပ်တန့်မသွား ပေါ်ပေါက်လာနေဦးမည် ဖြစ်သည်။

ဤတွင် ဥပဒေကို ပြင်ဆင်ပြောင်းလဲရန်လိုသည် ဆိုသည်ထက် စိတ်ထားတွေ၊ စိတ်ဓာတ်တွေ၊ ပြင်ဆင်ပြောင်းလဲဖို့က ပို၍အဓိကဖြစ်သည်ဟု ကောက်ချက်ချလိုသည်။ ဥပဒေကို ကောင်းအောင် ပြင်ဆင်ပြောင်းလဲဖို့က လွယ်ကူသည်။ စိတ်ထားတွေ၊ စိတ်ဓာတ်တွေ ကောင်းအောင် ပြင်ဆင်ပြောင်းလဲဖို့ဆိုသည်ကား လွယ်ကူလှသည် မဟုတ်။

**ဥပဒေစိတ်ထား ပွားများနိုင်ကြဖို့**

လူ့ဘောင်လောက မည်သည့်နိုင်ငံ မည်သည့်လူ့အဖွဲ့တွင်မဆို ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေ အသိတွေ ဆုံးရှုံးနေမည်၊ ပျက်ပြားနေမည်၊ ခေါင်းပါးနေမည်ဆိုလျှင် လူသားတို့သည် နီတိကိုလည်း လိုက်နာကြမည်မဟုတ်၊ ကျင့်ဝတ်ကိုလည်း ထိန်းသိမ်းကြမည်မဟုတ်၊ စည်းကမ်းတွေကို ဖောက်ဖျက်တော့မည်။ ဥပဒေတွေကို ဆန့်ကျင်တော့မည်။ ထိုနိုင်ငံ ထိုလူ့အဖွဲ့အစည်းသည် အကွပ်မရှိသည့်ကြမ်း ပရမ်းပတာဟု ဆိုသကဲ့သို့ ပျက်ပြားယိုယွင်းပြီး လူမှုဆင်းရဲဒုက္ခအပေါင်းနှင့် ပြည့်နှက်နေပေလိမ့်မည်။

သို့ဖြစ်ရာ မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို ဖြစ်လေ့ဖြစ်ထရှိသော ဆုံးရှုံးမှုတွေထဲတွင် ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတွေ ဆုံးရှုံးရခြင်းသည် အဆိုးရွားဆုံးသော ဆုံးရှုံးမှုတစ်ရပ်၊ ပြန်လည်ပြုပြင်ကုစားရန် အခက်အခဲဆုံးသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်သည်ဟုဆိုလျှင် မှားအံ့မထင်။

အနှစ်ချုပ်ရလျှင် လူတိုင်း လူတိုင်း ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိ၊ ဥပဒေစိတ်ထား အားကောင်းဖို့လိုသည်။ လူတိုင်း လူတိုင်း၏ ရင်ထဲနှလုံးသားထဲတွင် ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတွေ ယုံယုံကြည်ကြည်၊ စွဲစွဲမြဲမြဲ၊ ခိုင်ခိုင်မာမာ အမြစ်တွယ်နေနိုင်ကြပါက ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်းတွင် မှန်ကန်သော၊ တရားသော ဆောင်ရွက်ချက်တွေ၊ ဆုံးဖြတ်ချက်တွေ၊ စီရင်ချက်တွေ ထုံမွမ်းနေမည်။ လောကပါလတရား ထွန်းကားနေမည်။ ဗြဟ္မစိုရ်တရားတွေ လွှမ်းနေမည်။ ကိုယ်ကျင့်သီလတရားတွေ ဖြူစင်နေမည်။ ဥပဒေယဉ်ကျေးမှု ဖြစ်ထွန်းနေမည်။ ငြိမ်းချမ်းသာယာသော၊ စည်ပင်ဝပြောသော၊ တိုးတက်ဖွံ့ဖြိုးသော၊ တည်ငြိမ်အေးချမ်းသော နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်နေမည်ဟု ယုံကြည်မိကြောင်းပါ။

လူသားတိုင်း၏ ရင်ထဲ၊ နှလုံးသားထဲတွင် -

ဥပဒေ စိတ်ထား ပွားနိုင်ကြပါစေ၊ ဥပဒေ အတွေး နွေးထွေးပါစေ။

ဥပဒေ အမြင် ရှင်သန်ကြပါစေ၊ ဥပဒေအသိ စွဲငြိနေပါစေ။ ။

> “လူ့ဘောင်လောက မည်သည့်နိုင်ငံ မည်သည့်လူ့အဖွဲ့တွင်မဆို ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတွေ ဆုံးရှုံးနေမည်၊ ပျက်ပြားနေမည်၊ ခေါင်းပါးနေမည်ဆိုလျှင် လူသားတို့သည် နီတိကိုလည်း လိုက်နာကြမည်မဟုတ်၊ ကျင့်ဝတ်ကိုလည်း ထိန်းသိမ်းကြမည်မဟုတ်၊ စည်းကမ်းတွေကို ဖောက်ဖျက်တော့မည်. . .”



## အင်းဝခေတ် ဗိသုကာလက်ရာများ လေ့လာနိုင်သော လေးထပ်ကြီးဘုရားသို့ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာမှု များပြား

**တံတားဦး နိုဝင်ဘာ ၉**
မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာ အနီးတွင် တည်ရှိသော လေးထပ်ကြီး ဘုရားသည် စတုတ္ထအင်းဝခေတ် ဗိသုကာ လက်ရာများကို လေ့လာနိုင်သောကြောင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက် လေ့လာမှု များပြားလျက်ရှိကြောင်း သိရ သည်။

“ပွင့်လင်းရာသီ ရောက်ရှိလာသော ကြောင့် အင်းဝဒေသသို့ ပြည်တွင်းပြည်ပ ခရီးသွားတွေ လာရောက် လေ့လာမှု များပြားလျက်ရှိပါတယ်၊ လေးထပ်ကြီး ဘုရားမှာ ယခုနှစ်ခရီးသွားရာသီ ထူးခြား ချက်က ပြည်တွင်းခရီးသွား သိသိသာသာ များလာတာပါပဲ၊ ပြည်ပ ခရီးသွားက လာရောက်လေ့လာတာနှစ်တိုင်းများပေ မယ့် ဒီနှစ်ကတော့ ပြည်တွင်း ခရီးသွား လာရောက်လေ့လာမှု ထူးထူးခြားခြားများ ပြားပါတယ်၊ ဒီဘုရားကြီးရဲ့ ဂန္ဓကုဋိ တိုက် ကြီးမားခံ့ညားမှုတွေ၊ ရှေးခေတ် မြန်မာဗိသုကာပညာရှင်တွေရဲ့ ဗိသုကာ လက်ရာတွေကို ပြည်တွင်းပြည်ပ ပညာ ရှင်တွေ၊ ပြည်တွင်းပြည်ပ ခရီးသွားတွေ စိတ်ဝင်တစား လေ့လာကြပါတယ်” ဟု ဟံသာဝတီကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အင်းဝမြို့ဟောင်းရှိ လေးထပ်ကြီး ဘုရားကို ညောင်ရမ်းမင်းတရားက မြန်မာ သက္ကရာဇ် ၉၆၃ ခုနှစ်တွင် စတင်၍ လေး ထပ်ကျောင်းကြီးကို ကျောင်းရံ ၄၀ နှင့် တကွ တည်ဆောက်ခဲ့ပြီး သားတော် သာလွန်မင်းက ပြီးစီးအောင်ဆောင်ရွက် ခဲ့သည်။ သက္ကရာဇ် ၁၀၂၀ ပြည့်နှစ်တွင် တရုတ်တို့နှင့် စစ်မက်ဖြစ်ပွားရာ၌ လေး ထပ်ကျောင်းတော်ကြီးကို မီးတိုက်ခံရ သည်။ သက္ကရာဇ် ၁၁၈၇ ခုနှစ်တွင် စတုတ္ထ အင်းဝ နန်းစံ ဘကြီးတော်မင်းသည် သကျသီဟရုပ်ပွားတော်ကြီးအား ကြေးနီ၊ သလွဲ၊ ရွှေ၊ ငွေ စုစုပေါင်း ပိဿာချိန် ၁၆၀၁၀ ဖြင့် သွန်းလောင်းခဲ့ပြီး လက်ရှိဂန္ဓကုဋိ တိုက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်။

လေးထပ်ကျောင်းနေရာတွင် ဆောက် လုပ်ခဲ့သဖြင့် လေးထပ်ကြီးကျောင်းဟု လူသိများသည်။ သက္ကရာဇ် ၁၂၀၀ ပြည့် ငလျင်ကြောင့် ဂန္ဓကုဋိတိုက်မှာ ပျက်စီးခဲ့ ပြီး သကျသီဟရုပ်ပွားတော်ကြီးအား ပုဂံ မင်းလက်ထက် သက္ကရာဇ် ၁၂၀၉ ခုနှစ် တွင် အမရပူရသို့ ပင့်ဆောင့်ကာ မဟာ ဝိဇယရံသီ စေတီတော်ကြီး၏ တောင်ဘက် ဘုံငါးဆင့်ပြာသာဒ် ဆောက်လုပ်၍ တည် ထားကိုးကွယ်ခဲ့သည်။

သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ၎င်းရုပ်ပွားတော်ကြီး အား အမရပူရမှ မန္တလေး မဟာအောင် မြေမြို့နယ်ရှိ ယခုလက်ရှိ ကိန်းဝပ်တော် မူသောနေရာသို့ ပင့်ဆောင် ကိုးကွယ်ခဲ့ သည်။ လက်ရှိ ကြွင်းကျန်ရစ်သော ဂန္ဓကုဋိတိုက်ကို ဘကြီးတော်မင်းကောင်းမှု မုခ်ပေါက်လေးပေါက်ပါ လေးဘက်ညီ အုတ်ဂန္ဓကုဋိတိုက်မှာ ပြာသာဒ်ဖြင့် တည် ဆောက်ခဲ့ပြီး မျက်နှာလေးဘက်တွင် မုခ်ခုံ တပ်ထားသည်။ မုခ်တံကဲတွင် သိကြားရုပ်၊ မိကျောင်းရုပ်၊ ခြသေ့ရုပ်တို့ကို အင်္ဂတေ ပန်းများဖြင့် ထုလုပ်ထားပြီး အုတ်ပြာသာဒ် ကို အစောင့်ဘီလူးရုပ်ပါ စိန်တောင်သုံး ဆင့်ဖြင့် ကာရံထားရာ စတုတ္ထအင်းဝခေတ် ဗိသုကာလက်ရာများ လေ့လာနိုင်သည်။

အင်းဝဒေသရှိ လေးထပ်ကြီးဘုရားသို့ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက် လေ့လာမှု များပြားလျက်ရှိရာ ယခုနှစ် ခရီးသွားရာသီတွင် ပြည်တွင်း ခရီးသွား လာရောက်လေ့လာမှု သိသိသာသာ ပိုမို များပြားလျက်ရှိကြောင်း ဒေသခံများက ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရန် သောင်ပြင် ပြုပြင်ရေးလုပ်ငန်းများစတင်

**မင်းဘူး နိုဝင်ဘာ ၉**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်တွင် ဖွင့်လှစ်ပူဇော် မြဲဖြစ်ရာ ပွဲတော်ကျင်းပနိုင်ရေးအတွက် သောင်ပြင် ပြုပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက် ရှိကြောင်း မန်းရွှေစက်တော်ရာဘုရားကြီး ဂေါပက အဖွဲ့မှ သိရသည်။

“ပွဲတော်ကျင်းပတဲ့သောင်ပြင်ကို စတင်ပြင်ဆင် နေတာဖြစ်ပါတယ်၊ မန်းချောင်းက ရခိုင်ရိုးမကို ချောင်းဖျားခံတဲ့ ငဖဲမန်းချောင်းနဲ့ ပန်းတိမ်းမန်း ချောင်းဆိုတဲ့ တောင်ကျချောင်းကြီးနှစ်ခုနဲ့ အခြား ချောင်းငယ်များပေါင်းဆုံစီးဆင်းတာဖြစ်တဲ့အတွက် သဘာဝချောင်းကို စျေးဆိုင်၊ တည်းခိုခန်း၊ ဂေါပက ရုံး၊ ဆေးပေးခန်း၊ မီးသတ်၊ ကားဝင်းစသည့် နှစ်စဉ် ကျင်းပမြဲ အကွက်ကျပုံစံဖြစ်အောင် စက်ယန္တရား အပြည့်အစုံနဲ့ နွေရောညပါ နှစ်လခန့်ကြာအောင် ပြုပြင်ယူရပါတယ်”ဟု မန်းရွှေစက်တော်ဂေါပက အဖွဲ့ဝင်တစ်ဦးက ပြောသည်။

“လိုအပ်တဲ့ စက်ယန္တရားကြီးတွေ၊ စက်မောင်းနဲ့ အင်ဂျင်နီယာတွေကို ဆည်မြောင်းဦးစီးဌာနမှ နှစ်စဉ် ကူသိုလ်ယူပြုပြင်ပေးလျက်ရှိပါတယ်၊ စက်မောင်းဆီ တွေကို ဂေါပကအဖွဲ့မှ နေ့စဉ်တိုင်းတာ စစ်ဆေးကာ ကုန်ကျမှုနည်းစွာဖြင့် လုပ်ငန်းတွေအချိန်မီ အောင် မြင်ပြီးမြောက်အောင် သောင်ပြင် ပြုပြင်ရေးကော် မတီဖွဲ့စည်းပြီး ဆည်မြောင်းနဲ့ ပူးပေါင်းဆောင်ရွက် ပါတယ်”ဟု ၎င်းက ပြောသည်။

သောင်ပြင်ပြုပြင်ရေးလုပ်ငန်းများနှင့် ပတ်သက် ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းက “အထူးသဖြင့် မန်းချောင်းအထက်ပိုင်းက မန်းချောင်းရေလှောင် တမံ အိုင်းမရေလွှဲဆည်မှ နွေသီးနှံစိုက်ပျိုးနိုင်ရေး အတွက် ဆည်ရေပေးဝေချိန်ဟာ မန်းရွှေစက်တော် ဘုရားပွဲ ကျင်းပချိန်နဲ့ကိုက်ညီနေပါတယ်၊ ဘုရားဖူး ပြည်သူတွေရေချိုးနိုင်ရန် အဆင်ပြေတဲ့ ရေပမာဏ ကို နွေသီးနှံ စိုက်ပျိုးမှုအရ ချိန်ဆပေးဝေနိုင်ဖို့ အတွက် မန်းချောင်းကိုဗဟိုပြုပြီး ဝဲယာသောင်ပြင် နှစ်ဖက်ကို အထူးအလေးထားပြုပြင်ရပါတယ်၊ ယခု နှစ်မိုးတွင်းကာလမှာ မန်းချောင်းရေများပြားခဲ့မှုအရ ပိုမိုပြုပြင် လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် မြေတူး စက်နှစ်စီး၊ မြေတွန်းစက်နှစ်စီး၊ ပြင်ပ ငှားရမ်း မြေ သယ်ယာဉ် ဖောကားငါးစီးတို့နဲ့ ဆောင်ရွက်လျက် ရှိပါတယ်၊ ခရီးသွားပြည်သူတွေ အောက်စက်တော်ရာ သို့ အန္တရာယ်ကင်းပြီး လွယ်ကူစွာ သွားရောက် ဖူးမြော်နိုင်ရေးအတွက် မန်းချောင်းဖြတ် ယာယီ ဝါးတံတားရဲ့ ချဉ်းကမ်းလမ်းကိုလည်း မြေဖို့လျက် ရှိပါတယ်”ဟု ပြောသည်။

မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ နိုင်ရေးအတွက် သောင်ပြင်ပြုပြင်ခြင်း လုပ်ငန်းများ ကို ဆောင်ရွက်နေသလို မန်းရွှေစက်တော်အဝင် သုံးမိုင်လမ်းရှိ လှေတင်တံတားကြီး တည်ဆောက် နေမှုမှာလည်း ပွဲတော်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်နေကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**



## ရှေးဦးပြုစုခြင်း နည်းပြ(မွမ်းမံ)သင်တန်း ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၉**
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်မှ ကြီးမှူး လျက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် ရှေးဦး ပြုစုခြင်း နည်းပြ(မွမ်းမံ) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ် သင်တန်းခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေ အတွင်းရေးမှူး ဒေါက်တာညိုညိုဝင့်က “ကျွန်မ ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခု ပြောပြရမယ်ဆိုရင် ကျွန်မအိမ်ထဲဝင်တယ်၊ အမှတ်တမဲ့ ဖုန်းဝင်လာ တယ်၊ ဒါနဲ့ ဖုန်းကိုင်ရင်း တံခါးကိုပိတ်လိုက်တယ်၊ အမှတ်တမဲ့နဲ့ ကံဆိုးစွာဘဲ ကျွန်မအသား တံခါးညပ် တယ်၊ သွေးတွေဖြိုင်ဖြိုင်ကျလာတယ်လေ၊ ဒါနဲ့ သွေး တိပ်အောင် တိုက်ရိုက်ဖိထားတယ် ဆေးခန်းသွား တယ် သုံးချက်ချုပ်လိုက်ရတယ်လေ၊ တကယ်လို့သာ ရှေးဦးပြုစုခြင်းပညာနဲ့ သွေးတိတ်အောင် မလုပ်ထား ဘူးဆိုရင် သွေးလွန်သွားနိုင်တယ်၊ ရှေးဦးပြုစုခြင်း ပညာတွေ တတ်ထားခြင်းဖြင့် မိမိကိုယ်မိမိ၊ မိမိရဲ့ မိသားစုကို အကျိုးဖြစ်ထွန်းစေမှာ အမှန်ပါပဲ၊ ဒါ ကြောင့် အိမ်တိုင်းရှေးဦးပြုစုခြင်းပညာတတ်မြောက် ထားဖို့လိုအပ်ပြီး နည်းပြများအနေနှင့်လည်း ကြိုးစား ဖြန့်ဝေကြဖို့ လိုအပ်ပါတယ်၊ ဆင့်ပွား ဒီက ရတဲ့ နည်းပညာတွေ ဆက်လက်ဖြန့်ဝေပေးကြပါလို့ တိုက် တွန်းလိုပါတယ်”ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး အနေဖြင့် ရှေးဦးပြုစုခြင်းနည်းပြများအဖြစ် တစ်နိုင်ငံလုံးတွင် ရှိသော ကြက်ခြေနီစေတနာ လုပ်အားရှင်များကို နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ထိုမှ လူထု အတွင်းသို့ ရှေးဦးပြုစုခြင်းနည်းပညာများ ပိုမိုကျယ် ပြန့်အောင် ဆောင်ရွက်လျက်ရှိသလို ရှေးဦးပြုစုခြင်း နည်းပြများကိုလည်း အခါအားလျော်စွာ နည်းပြ မွမ်းမံသင်တန်းများပေးလျက် ရှေးဦးပြုစုခြင်း နည်း ပညာများကို ခေတ်မီ ပြောင်းလဲလေ့ကျင့်မှုများ အရှိန် အဟုန်ပြင်းစွာ လူထုအတွက် ဆောင်ရွက်လျက်ရှိသည်။

ယခုနည်းပြမွမ်းမံသင်တန်းတွင် လူ့အသက်တစ် ချောင်းမှသည် အသက်ပေါင်းများစွာကို ကူညီကယ်တင် နိုင်မည့် ရှေးဦးပြုစုခြင်း ခေတ်မီနည်းစနစ် သင်ခန်းစာ များကို စနစ်တကျ နိုင်ငံတကာပညာရှင်များ၊ မြန်မာ နိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ နည်းပြများဖြင့် လေ့ကျင့်ပေးသွားပြီး နည်းပြ မွမ်းမံ သင်တန်းဆင်း များမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နည်းပြများကို ခေတ်မီစနစ်များ ပြန်လည်မျှဝေပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ နည်းပြ ၄၇ ဦး တက်ရောက်လျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာ ညိုညိုဝင့်၊ စီမံရေးရာဌာနညွှန်ကြားရေးမှူး ဦးမြင့်စိန်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်တိုးတိုးအေး၊ သင်တန်းအရာရှိများဖြစ်ကြသော ဦးအုန်းသွင်၊ ဒေါ်မြင့်မြင့်ကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း သူနာတင်ယာဉ် ဝန်ဆောင်မှု မန်နေဂျာ ဒေါ်နီနီမိုး၊ ရှေးဦးပြုစုခြင်း နည်းပြများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

**ကျော်စိုးဦး(မန္တလေး)**

## မဟာအောင်မြေမြို့နယ် အရန်မီးသတ်လေ့ကျင့်ရေး မွမ်းမံ သင်တန်းဆင်း

**မဟာအောင်မြေ နိုဝင်ဘာ ၉**
မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၁၇) သင်တန်း ဆင်းပွဲကို နိုဝင်ဘာ ၇ ရက် ညနေ ၄ နာရီ က မဟာအောင်မြေ မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေး မှူး ဦးနိုင်ဝင်းက သင်တန်းဆင်းအမှာ စကားပြောကြားပြီး မန္တလေးတိုင်းဒေသ ကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးက မီးဘေးအန္တရာယ်ကာကွယ်ရေး၊ သဘာဝ ဘေးအန္တရာယ်ဖြစ်ပွားမှုအား လျင်မြန် စွာ တုံ့ပြန်ဖြေရှင်း ဆောင်ရွက်နိုင်ရေး အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းများ ဖွင့်လှစ် ခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်း ဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ မဟာအောင်မြေ မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ် ဦးဇော်ဇော်အောင်၊ မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဇော် ဝင်းနိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ များတက်ရောက်ကြသည်။ သင်တန်းတွင် ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ပြီး မီးသတ်ပညာနှင့် သဘာဝဘေးကယ်ဆယ်ရေး ဘာသာရပ် များကို ရက်သတ္တလေးပတ်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန္တလေး မြို့မတူရိယာအသင်း စတူဒီယို ဖွင့်လှစ်၊ အသင်းဆိုင်းဘုတ်တင်




**အောင်မြေသာစံ နိုဝင်ဘာ ၉**
မန္တလေးမြို့ဂုဏ်ဆောင် မြို့မအပျော်တမ်း တူရိယာအသင်း Myoma Studio ဖွင့်ပွဲ နှင့် အသင်းဆိုင်းဘုတ်တင်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင် ရပ်ကွက် (၂၁) လမ်းနှင့် (၈၆) လမ်းထောင့် ရှိ မြို့မတူရိယာအသင်းတိုက်တွင် ကျင်းပ သည်။

အစီအစဉ်အရ မြို့မအသင်းသူ အသင်း သားများက ရတနာပုံကျောင်းဆရာတော် နှင့် သံဃာတော်များအား ဆွမ်းနှင့် လှူ ဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရတနာပုံကျောင်း ဆရာတော်က ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့် သည်။ ထို့နောက် မင်္ဂလာအချိန်တွင် မြို့မတူရိယာအသင်း ဥက္ကဋ္ဌ ဒေါက်တာ လှခိုင်နှင့် တာဝန်ရှိသူများကအသင်းဆိုင်း ဘုတ်နှင့် မြို့မစတူဒီယိုကို ဖွင့်လှစ်ပေး သည်။

မြို့မတူရိယာအသင်း စတူဒီယိုကို ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အဆောက်အအုံနှင့် ပစ္စည်းတန်ဖိုးကျပ် သိန်း ၅၀၀ ခန့် ကုန်ကျခဲ့သည်။ စတူဒီယို တွင် အသံသွင်းခြင်း၊ အငြိမ့်၊ ဆိုင်းအဖွဲ့ ဖျော်ဖြေတင်ဆက်မှုများအတွက်ပါ အသံ သွင်းရိုက်ကူးနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# MPT ၏အက်ပလီကေးရှင်းအသစ် APPBOX စတင်

**ရန်ကုန် နိုဝင်ဘာ ၉**
မိုဘိုင်းဂိမ်းများကို အကန့်အသတ်မရှိ ဒေါင်းလော့ဒ်ရယူကစားနိုင်မည့် APPBOX အက်ပလီကေးရှင်းသစ်ကို MPT မှ နိုဝင်ဘာ ၉ ရက်တွင် မိတ်ဆက်ကြေညာပေးလိုက်ပြီဖြစ်သည်။ အဆိုပါ အက်ပလီကေးရှင်းသစ်တွင် Android စနစ်သုံးမိုဘိုင်းဖုန်းများအတွက် တရားဝင်လိုင်စင်ရယူထားသည့် နာမည်ကျော်ဂိမ်းများနှင့် ဖျော်ဖြေရေးဂိမ်းများထည့်သွင်းပေးထားပြီး APPBOX မှတစ်ဆင့် မိမိကြိုက်နှစ်သက်ရာကိုရှာဖွေကာ အလွယ်တကူဒေါင်းလော့ဒ်ရယူနိုင်မည်ဟု သိရသည်။

၎င်းအက်ပလီကေးရှင်းကို စတင်မိတ်ဆက်သည့် အထိမ်းအမှတ်အဖြစ် သုံးစွဲသူများသည် ပထမတစ်ပတ်စာ အခမဲ့သုံး စွဲနိုင်ပြီး အခမဲ့ရက်သတ္တပတ်ကုန်ဆုံးသွားပါက နေ့စဉ်ကြေး တစ်ရက်လျှင် ကျပ် ၂၅၀ ဖြင့် ဆက်လက်သုံးစွဲနိုင်မည်ဖြစ်သည်။ ဒေါင်းလော့ဒ်ရယူနိုင်မည့် ဂိမ်းများသည် အခြား အက်ပလီကေးရှင်းများကဲ့သို့မဟုတ်ဘဲ တရားဝင်လိုင်စင်ပါဝင်ခြင်း၊ မည်သည့် Android စနစ်သုံးမိုဘိုင်းဖုန်းများတွင်မဆို အသုံးပြုနိုင်ခြင်း၊ ဂိမ်းဆော့ကစားနေချိန်တွင် ကြားဖြတ်ကြော်ငြာများ ဝင်ရောက်မှုမရှိခြင်း၊ Virus နှင့် အခြားမိုဘိုင်းဖုန်း ချွတ်ယွင်းမှုများမရှိခြင်းကြောင့် မိမိဖုန်းအတွက် စိတ်ချစွာအသုံးပြုနိုင်ခြင်း၊ မြန်မာဘာသာပါဝင်သည့်အတွက် လွယ်ကူစွာရှာဖွေ အသုံးပြုနိုင်ခြင်း၊ လစဉ်ထွက်ရှိလာမည့် နာမည်ကျော်ဂိမ်းအသစ်များကို ထည့်သွင်းပေးခြင်း အစရှိသည့် ဝန်ဆောင်မှုများကို အသုံးပြုသူများမှ ပြန်လည်ရရှိနိုင်မည်ဖြစ်သည်ဟု သိရသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ ဂိမ်းဝါသနာရှင်တွေကို အခုကျွန်တော်တို့ မိတ်ဆက်ပေးလိုက်တဲ့ APPBOX ကနေ မိုဘိုင်းဂိမ်းတွေကို အကန့်အသတ်မရှိ ရယူကစားနိုင်ပါပြီ၊ ဒီအက်ပလီကေးရှင်းကို မိတ်ဆက်ရတဲ့ ရည်ရွယ်ချက်ကတော့ MPT အသုံးပြုသူတွေအတွက် သင့်တင့်တဲ့နှုန်းထားနဲ့ ဂိမ်းဖျော်ဖြေရေးအတွေ့အကြုံတွေကို ရရှိစေချင်လို့ဖြစ်ပါတယ်။ ဒီအက်ပလီကေးရှင်းအသစ်ကို ဂိမ်းဝါသနာရှင်တွေ အသုံးပြုကြလိမ့်မယ်လို့လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟု MPT-KSGM Joint Operation ၏ အရာရှိ Mr.Reizo Umeda က ပြောသည်။

အဆိုပါ အက်ပလီကေးရှင်းကို Android 4.2 စနစ်နှင့် အထက်ပါဝင်သော မည်သည့်ဖုန်းအမျိုးအစားတွင်မဆို အသုံးပြုနိုင်ပြီး မိမိစိတ်ကြိုက် Online သို့မဟုတ် Offline ဂိမ်းများရွေးချယ်ကစားနိုင်မည်ဖြစ်ကာ နေ့စဉ်ကြေးမှအပ အခြားမည်သည့် အခကြေးငွေများ ထပ်မံပေးဆောင်ရန်မလိုအပ်ဘဲ အသုံးပြုနိုင်မည်ဖြစ်ကာ လာမည့်ဒီဇင်ဘာလအတွင်း ကံစမ်းမဲအစီအစဉ်များကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–ဓာဏီ**



# ကံပြားကြီးကျေးရွာရှိ ရက်ကန်းအလုပ်သမားများ အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်

**မုံရွာ နိုဝင်ဘာ ၉**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကံပြားကြီးကျေးရွာရှိ မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်သော ရက်ကန်းလုပ်ငန်းသည် ယခုနှစ်တွင် ပြည်ပမှဝင်ရောက်သည့် ချည်ထုပ်ဈေးနှုန်းများ မြင့်တက်ပြီး ထုတ်လုပ်သည့် အထည်များဈေးနှုန်းမှာ ကျဆင်းနေ၍ တွက်ခြေကိုက်မှုမရှိသဖြင့် နေ့စားလုပ်ရက်ကန်းသမားများ အခြားလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်မှုများ ရှိလာကြောင်း သိရသည်။



"ရက်ကန်းလုပ်ငန်းလုပ်တာ ခုနစ်နှစ်ရှိပါပြီ မနှစ်ကတော့ အထည်ဈေးကောင်းတယ်၊ အခုနှစ်မှာတော့ အထည်ဈေးကမကောင်းဘူး၊ အရင်နှစ်က လုံချည်တစ်ကွင်းကို ကျပ် ၉၀၀၀ ဈေးရှိတယ်၊ ရောင်းအားလည်း ကောင်းတယ်၊ ဒီဇိုင်းအသစ်လေးတွေပေါ်လာတော့ မနှစ်ကဒီဇိုင်းတွေဆိုရင် ရောင်းလို့မကောင်းတော့ဘူး လုံချည်ဈေးက အခုနှစ်မှာ ကျပ် ၅၀၀၀ အထိဈေးကျသွားတယ်၊ ချည်ထုပ်ဈေးကဈေးတန်လာပြီး အထည်ဈေးကျတော့ ဈေးမရတော့ တွက်ခြေမကိုက်လို့ ဝင်ငွေပိုရတဲ့တခြားအလုပ်တွေလိုက်ပြီး လုပ်ကျတာများလာတယ်၊ တချို့ဆို အိုက်ဗော အထိသွားပြီး အလုပ်လုပ်ကြတယ်" ဟု ကံပြားကြီးကျေးရွာမှ နေ့စားရက်ကန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ် ကံပြားကြီးကျေးရွာတွင် ရက်ကန်းလုပ်ငန်းကို စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းတွင် လုပ်ငန်းရှင်များ အကျိုးအမြတ်ပိုမိုရရှိသည့် အိန္ဒိယ ချည်ထုပ်ဈေးနှုန်းသည် ကျပ် ၂၃၀၀၀ ဝန်းကျင်မှ ကျပ် ၂၈၀၀၀ ထိ မြင့်တက်လာပြီး ထုတ်လုပ်သည့် လုံချည်ဈေးနှုန်း ကျဆင်းလျက်ရှိရာ တွက်ခြေကိုက်မှုမရှိသဖြင့် နေ့စားရက်ကန်းအလုပ်သမားများသည် အခြားလုပ်ငန်းများသို့ ပြောင်းလဲ လုပ်ကိုင်သူများရှိလာကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ထီးချိုင့် – မြတောင်လမ်းပိုင်းတွင် ကျန်ရှိနေသည့် လမ်းအရှည်မိုင် သုည ဒသမ ၉၇ ကီလိုမီတာအား ကတ္တရာလမ်းတိုးချဲ့ခြင်း

**ထီးချိုင့် နိုဝင်ဘာ ၉**
မန္တလေး-တကောင်း-ဗန်းမော် မဟာဗျူဟာလမ်းမကြီးပေါ် ရှိမိုင်တိုင် အမှတ် (၆၇/၄)၊ (၆၇/၅) မှဧရာဝတီတံတား(ထီးချိုင့်)ကိုဆက်သွယ်ဖောက်လုပ်ထားသည့် ထီးချိုင့်-မြတောင်လမ်းပိုင်း ကျန်ရှိနေသည့်လမ်းအရှည်မိုင် (သုည ဒသမ ၉၇ ကီလိုမီတာ) အား ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" ထီးချိုင့်-မြတောင်လမ်းအပိုင်းဟာမိုင်အရှည်အရတိုပေမယ့် မန္တလေး-တကောင်း - ဗန်းမော်မဟာဗျူဟာလမ်းမကြီးကနေ ဧရာဝတီတံတား(ထီးချိုင့်)ကိုဖြတ်ပြီး စစ်ကိုင်း-ရွှေဘို-ကသာခရိုင်ချင်းဆက်လမ်းနဲ့ ရွှေဘို-မြစ်ကြီးနားလမ်းမကြီးတွေကိုဖြတ်ဖို့ ဒီလမ်းဟာအဓိကကျတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ ဧရာဝတီတံတား(ထီးချိုင့်)ရဲ့ ကျေးဇူးကြောင့် အခုဆိုယာဉ်ကြီးယာဉ်ငယ်တွေ အသွားအလာများလာတာတွေ့ရပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ကသာခရိုင်းအတွင်းမှ ထီးချိုင့်၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်းမြို့တွေကနေ မန္တလေးကို နေ့ချင်းရောက်နိုင်တာမို့ လမ်းပမ်းဆက်သွယ်ရေးတိုးတက်လာတာနဲ့အမျှ ဒေသဖွံ့ဖြိုးရေးလည်း တိုးလာမှာဖြစ်ပါတယ်၊ စောစောကလမ်းအကျယ်ဟာ ၁၂ ပေပဲရှိတာမို့ ကားတစ်စီးနဲ့တစ်စီး မတိမ်းသာမရှောင်သာဖြစ်ရပါတယ်၊ အခုလိုတစ်ဖက်ကိုခြောက်ပေစီချဲ့ပြီး အားလုံးကတ္တရာလမ်းဖြစ်သွားတဲ့အတွက် ခရီးသွားပြည်သူတွေ စိတ်ချမ်းသာစွာနဲ့ သွားလာနိုင်တော့မှာမို့ဝမ်းသာပါတယ်" ဟု ဒေသခံပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အဆိုပါထီးချိုင့်-မြတောင်လမ်း ၂ ဒသမ ၀၁ ကီလိုမီတာ၊ ၃ ဒသမ ၀၂ ကီလိုမီတာအတွင်း သုည ဒသမ ၉၇ ကီလိုမီတာအား မူလ ၃ ဒသမ ၆၆ မီလီမီတာအကျယ်မှ ၇ ဒသမ ၃၁ မီတာအကျယ်ရရှိအောင် ၅၀ မီလီတာ၊ ၁၀၀ မီလီမီတာ ကျောက်ဖြင့်တစ်ဖက် ၁ ဒသမ ၈၃ မီတာ၊ အကျယ် ၁၅၀ မီလီမီတာ၊ ဒု ၇၅ မီလီမီတာ၊ အောက်ကျောက်ဖြင့်တစ်ဖက် ၁ ဒသမ ၈၃ မီတာ၊ အကျယ် ၁၅၀ မီလီမီတာ ဒုခင်းကြိတ်ခြင်း၊ ၂၅ မီလီမီတာ၊ ၅၀ မီလီမီတာ ကျောက်ဖြင့် ၇ဒသမ ၃၁ မီတာ အကျယ် ၇၅ မီလီမီတာ ဒုအပွန်းခံလွှာခင်းကြိတ်ခြင်း၊ ၃၇ ဒသမ ၅ မီလီမီတာ ဒုအဝင်ကတ္တရာရေပိတ်လွှာလောင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့် တင်ဒါအောင် Top Heaven ကုမ္ပဏီကတာဝန်ယူ၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်တွင်း အပြီးဆောင်ရွက်သွားမည်ဟု တာဝန်ခံအင်ဂျင်နီယာဦးရဲနောင်၏ ပြောပြချက်အရ သိရသည်။

**ကျော်ခဲ (ထီးချိုင့်)**

# ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မကွေး နိုဝင်ဘာ ၉**
မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ကျောင်းသားကျောင်းသူနှင့် ကလေးသူငယ်များ မြန်မာနိုင်ငံ၏ အနာဂတ် ခေါင်းဆောင်ကောင်းများ ဖြစ်လာပြီး ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာ စွမ်းရည်များ မြင့်မားလာစေရန်၊ စာပေနှင့်ရင်းနှီးပြီး ကလေးများ၏ ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန် ရည်ရွယ်ချက်ဖြင့် မကွေးတိုင်းဒေသကြီးကလေးစာပေပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးနေမျိုးကျော်နှင့် မကွေးမြို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်တို့က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျင်းပပြီးစီးခဲ့သည့်ပွဲတော် ဗီဒီယိုခွေကိုပြသခြင်း၊ မကွေးခရိုင် ဦးစီးအရာရှိက ဆပ်ကော်မတီများ ဖွဲ့စည်းရန်ရှင်းလင်းပြောကြားခဲ့ပြီး ဆပ်ကော်မတီအသီးသီးကိုဖွဲ့စည်းခဲ့သည်။

မကွေးတိုင်းဒေသကြီး ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မကွေးတက္ကသိုလ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**ပြန်/ဆက်**

# အပန်းဖြေကမ်းခြေများတွင် တယ်လီနော၏ 4G LTE ဝန်ဆောင်မှုရရှိ

**ရန်ကုန် နိုဝင်ဘာ ၉**
မြန်မာနိုင်ငံ၏ ခရီးသွားရာသီစတင်မှုနှင့်အတူ ခရီးသွားများ အင်တာနက်သုံးစွဲမှုများ ရရှိသုံးစွဲနိုင်စေရန်အတွက် ပြည်တွင်းရှိ ထင်ရှားသော ကမ်းခြေများတွင် တယ်လီနော၏ 4G LTE ဝန်ဆောင်မှုများကို တိုးချဲ့ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငွေဆောင်နှင့် ချောင်းသာကမ်းခြေ၊ ရခိုင်ပြည်နယ်ရှိ ငပလီကမ်းခြေတို့တွင် နိုဝင်ဘာ ၁ ရက်မှ စတင်ကာ တယ်လီနော၏ 4G LTE ဝန်ဆောင်မှုများကို ရရှိပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအတွင်းက ကမ်းခြေတွေဟာ ပြည်တွင်းမှာသာမက ကမ္ဘာတစ်ဝန်းမှာပါ လူသိများပြီး အထူးသဖြင့် ပွင့်လင်းရာသီတွေမှာ ပြည်တွင်းနဲ့ နိုင်ငံတကာကခရီးသွား ဧည့်သည်တွေ အမြဲလာရောက်တတ်ကြတဲ့ လည်ပတ်စရာ နေရာတွေ ဖြစ်ပါတယ်၊ ဒီနှစ်ရဲ့ ခရီးသွားရာသီစတင်တဲ့အချိန်မှာ ဒီကမ်းခြေတွေကို သွားရောက်လည်ပတ်ကြမယ့် ခရီးသွားတွေအနေနဲ့ တယ်လီနောရဲ့ 4G LTE ကွန်ရက်ကိုသုံးပြီး အင်တာနက်သုံးစွဲမှုတွေကို ရရှိနိုင်ကြပြီဖြစ်ပါတယ်၊ ကမ်းခြေမှာ အပမ်းဖြေ အနားယူရင်း HD ဗီဒီယိုတွေကို အပြတ်အတောက်မရှိ ကြည့်ရှုနိုင်မယ်၊ ဂိမ်းတွေကို အထစ်အငေါ့ ကင်းကင်းလည်း ကစားနိုင်မယ်၊ လူမှုကွန်ရက်တွေကိုလည်း အကောင်းဆုံး အသုံးပြုနိုင်ကြမှာဖြစ်တဲ့အတွက် သုံးစွဲသူတွေရဲ့ ပျော်ရွှင်စရာ အနားယူချိန်တွေကို ပိုမိုပြည့်စုံစေမှာ ဖြစ်ပါတယ်" ဟု တယ်လီနော မြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောသည်။

သုံးစွဲသူများအနေဖြင့် ကောင်းမွန်သည့် အင်တာနက်ဝန်ဆောင်မှုများကို အပြတ်အတောက်မရှိ အသုံးပြုနိုင်ရန် ဒေတာစုဘူးကဲ့သို့ ဈေးနှုန်းချိုသာသည့် အင်တာနက်ဒေတာ အစီအစဉ်များကို ရယူအသုံးပြုကြပါရန်လည်း တယ်လီနောမှ သုံးစွဲသူများကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

သုံးစွဲသူများအား ကောင်းမွန်သည့်ဝန်ဆောင်မှုအတွေ့အကြုံများ ရရှိစေရန် 4G LTE ကွန်ရက်တိုးချဲ့မှုကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ကမ္ဘာတစ်ဝန်း အင်တာနက်အသုံးပြုသူများကို အခြေပြု၍ မိုဘိုင်း ကွန်ရက်အခြေအနေများကို ထုတ်ပြန်ပေးသည့် ကွန်ရက်စံနှုန်းပြ စီမံကိန်းတစ်ခုဖြစ်သော Open Signal ဖြင့် တိုင်းတာမှုများအရ တယ်လီနော၏ ကွန်ရက်သည် မြန်မာနိုင်ငံတွင်း နေထိုင်သူအများစုအတွက် ကောင်းမွန် မြန်ဆန်သည့် အင်တာနက်နှုန်းဖြင့် ဝန်ဆောင်မှု ပေးအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် တယ်လီနောတာဝါတိုင်ပေါင်း ၈၀၀၀ နီးပါးရှိသည့် မြန်မာနိုင်ငံ၏ အင်တာနက်ဒေတာကွန်ရက်မှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးနှင့် နေပြည်တော်ရှိ သုံးစွဲသူပေါင်း ၁၉ သန်းကျော်ကို ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်ဟု သိရသည်။

ALEX

# ရှိတော့ ရှိတယ် ရှားတယ်

**မြို့တော်ထွန်းရည်**

ချီးကျူး ဂုဏ်ပြုထိုက်သူကို ချီးကျူးဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါးလို့ မှတ်သားခဲ့ဖူးပါတယ်။ ကျွန်တော်အခု ရေးသားတဲ့ဆောင်းပါးက ချီးကျူးဂုဏ်ပြုအမွှမ်းတင်ထားတဲ့ ဆောင်းပါး ဖြစ်ပါတယ်။ လက်ဆိုတာ အတိုအရှည်မညီပါဘူး။ ဒီလိုပါပဲ မိသားစုထဲမှာ စိတ်တူ၊ သဘောတူ၊ ဆန္ဒတူ လုပ်ကိုင်ဖို့ဆိုတာ အင်မတန်မလွယ်ကူတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ ယခုတင်ပြမယ့် မိသားစုဟာ စိတ်ဆန္ဒတူ မနောကြည်ဖြူစွာဖြင့် အလှူအတန်းပြုကြတဲ့ မိသားစုဖြစ်ပါတယ်။

ကျွန်တော်ဟာ ကမ္ဘောဇဘဏ်ဝန်ထမ်းလည်းမဟုတ်ပါ။ ယခုဆောင်းပါးကို ရေးသားရတာဟာလည်း သတင်းစကားတွေ၊ လူမှုကွန်ရက်တွေမှာ စေတနာထက်သန်စွာ လှူဒါန်းတဲ့ သတင်းတွေကြောင့် တင်ပြလိုက်ရခြင်းပဲဖြစ်ပါတယ်။ လှူတယ်ဆိုတဲ့နေရာမှာလည်း အများမလုပ်တဲ့ အလုပ်တွေကို လုပ်ပြီး လှူဒါန်းတာပါပဲ။

### ကြီးမားသည့် အလှူဒါန

ရှေးပဝေသဏီခေတ်အဆက်ဆက်က ရေချိုတူးဖော်မရရှိနိုင်တဲ့ ညီနောင်တိုင်းရင်းသားများနေကြတဲ့ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ဗမာပြည်သူများအတွက် ဘော်ဆိုင်းဒေသမှာ ရေချိုတူးဖော်ပေးခြင်း၊ ရေလှောင်ကန်ဆောက်လုပ်ပေးတာ၊ ရေပေးဝေရေးစနစ်ရရှိစေဖို့ဆောင်ရွက်ပေးတာစတဲ့ ကြီးမားတဲ့ အလှူဒါနကို မျှော်လင့်ချက်မပါ၊ မေတ္တာစေတနာသဒ္ဓါသက်သက်နဲ့ လှူဒါန်းပေးခဲ့တာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၇ နှစ်၊ ၂၀၀၀ ပြည့်နှစ် ဧပြီလမှာ တာချီလိတ်မြို့မှာ ဘဏ်ခွဲတစ်ခုဖွင့်ဖို့အတွက် သတင်းအဖွဲ့နဲ့အတူ လိုက်ပါခွင့်ရခဲ့ပါတယ်။ ဖွင့်ပွဲအပြီး ညစာမစားခင်အချိန်လေးမှာ ကျွန်တော်တို့ သတင်းအဖွဲ့ကို နှုတ်ဆက်စကားပြောကြားရင်း စကားပြောဖြစ်ခဲ့ကြပါတယ်။ အဲဒီဘဏ် ဥက္ကဋ္ဌကြီးဟာ အပြောနဲ့ အလုပ်လက်တွေ့ လုပ်ကိုင်တတ်သူမို့လည်း အထင်တကြီး လေးစားတန်ဖိုးထားခဲ့ပါတယ်။

သူ့ရဲ့စိတ်ထဲမှာ ရှိတာတွေကို အရှိအတိုင်း ရိုးသားပွင့်လင်းစွာ ပြောကြားခဲ့ပါတယ်။ “ကျွန်တော်ကတော့ ပြည်သူနဲ့အတူ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တိုင်းမှာ အဓိကအခန်းကဏ္ဍတွေကို ပံ့ပိုးဆောင်ရွက်ချင်ပါတယ်၊ တိုင်းပြည်မှာ လိုအပ်နေတဲ့ စီးပွားရေးကွက်လပ်တွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးချင်တယ်၊ ဘက်စုံထောင့်စုံကနေပြီး တိုင်းပြည်နဲ့ ပြည်သူအကျိုးရှိစေမယ့် အကူအညီတွေပေးချင်ပါတယ်” လို့ ဆိုသွားပါတယ်။ လေးစားဂုဏ်ယူထိုက်တဲ့စကားပါပဲ။ လွန်ခဲ့တဲ့နှစ်များစွာက ပြောကြားသွားခဲ့တဲ့ ဥက္ကဋ္ဌကြီးဟာ အခုအခါမှာ သူ့ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်ဆိုတဲ့ ဆောင်ပုဒ်ဟာလည်း အားလုံး ပြီးပြည့်စုံသွားပြီဖြစ်ပါတယ်။

အပြောနဲ့ အလုပ်အတိုင်း ကမ္ဘောဇဘဏ်လီမိတက်ကို နိုင်ငံတော်က နိုင်ငံ့စွမ်းဆောင်ရည်ဆုတွေကို ချီးမြှင့်ပေးခဲ့သလို နိုင်ငံတကာ အဖွဲ့အစည်းတွေကလည်း "Best Bank in Myanmar" ဆုနဲ့ အခြားဘဏ်လုပ်ငန်းဆိုင်ရာ ထူးချွန်ဆုများစွာကိုလည်း ချီးမြှင့်ခြင်း ပြုခဲ့ပါတယ်။

ဒါ့ပြင် နှစ် (၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ချီးမြှင့်ခဲ့တဲ့ ASEAN နိုင်ငံအလိုက် ခေတ်အဆက်ဆက် အအောင်မြင်ဆုံးနဲ့ ပြည်သူ့အကျိုးပြု စံပြစီးပွားရေးလုပ်ငန်းရှင်ဆု ASEAN "The Legacy" ဆု "World Finance"က ချီးမြှင့်တဲ့ အာရှတိုက် စီးပွားရေးစွမ်းဆောင်မှု အကောင်းဆုံး လုပ်ငန်းရှင်ဆုတွေကို ဦးအောင်ကိုဝင်း ချီးမြှင့်ခံခဲ့ရပါတယ်။

ဦးအောင်ကိုဝင်းအနေနဲ့ သမီးတွေကိုလည်း စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ The Asia Banker အဖွဲ့ အစည်းက အဖေတူသမီးဖြစ်တဲ့ ကမ္ဘောဇရဲ့ ဒုတိယအမှုဆောင်အရာရှိချုပ်-၂ ဒေါ်နန်းလိုင်းခမ်းကို အနာဂတ်ဘဏ်လုပ်ငန်းရှင်ဆု "The Promising Young Banker in Myanmar Award" ဆုကို ပေးအပ်ခဲ့တဲ့အတွက် နိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ပါတယ်။

### ဝင်ငွေခွန်အများဆုံး ပေးဆောင်

အာရှရဲ့စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်မှာ ဒီနေ့ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးဆိုင်ရာ အခန်းကဏ္ဍ ပိုမိုတိုးတက်အောင်မြင်ဖွံ့ဖြိုးစေခဲ့တဲ့အပြင် ဝင်ငွေ အမြတ်ငွေတွေများပြား တိုးတက်လာတဲ့အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့တာဟာ ငါးနှစ်ဆက်တိုက် ပထမနေရာမှာ ပေးဆောင်ခဲ့ပြီး နိုင်ငံတော်မှ ချီးမြှင့်တဲ့ နိုင်ငံစွမ်းဆောင်ရည်ဆုကို သုံးနှစ်ဆက်တိုက်ရရှိခဲ့ပါတယ်။

ပြည်တွင်း ပြည်ပကရရှိခဲ့တဲ့ဆုတွေကတော့ ကျွန်တော်သိသလောက်၊ လေ့လာမှတ်သားထားမိသလောက်ပါပဲ။ ၁၉၉၄ ခုနှစ် ဇူလိုင် ၁ ရက်က ကမ္ဘောဇဘဏ်ကို စတင်ဖွင့်လှစ်ခဲ့ပြီး ဦးအောင်ကိုဝင်းက မူလပိုင်ရှင်ထံမှ ၁၉၉၇ ခုနှစ်မှာ လွှဲပြောင်း ဝယ်ယူခဲ့ပါတယ်။ ထိုအချိန်က ဘဏ်ခွဲတစ်ခုတည်းသာရှိသေးပါတယ်။ နောက်ပိုင်းမှာ ပြည်သူတွေရဲ့ တစ်ခဲနက် ယုံကြည်အားပေးမှုကြောင့် ယခုအခါ ဘဏ်ခွဲပေါင်း ၅၀၀ ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဝန်ထမ်း အင်အားကလည်း ၂၀၀၀၀ ကျော်ရှိပြီး နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးတွေကို ထိုင်း၊ စင်ကာပူ၊ မလေးရှားနိုင်ငံတွေမှာ ဖွင့်လှစ်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အကြီးဆုံး တိုင်းရင်းသားပိုင် ပုဂ္ဂလိကဘဏ်ကြီး အဖြစ် ရပ်တည်လျက်ရှိပါတယ်။

### လူမှုရေးအကျိုးပြုဆု ရရှိ

ဒါ့ပြင် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီးရဲ့ သမီးကြီးဖြစ်တဲ့ ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းကို ဖွဲ့စည်း တည်ထောင်ထားရှိပြီး နိုင်ငံတော်နဲ့ ပြည်သူများအတွက် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်စတဲ့ ကဏ္ဍမျိုးစုံတွေမှာ ကျပ်ငွေ စုစုပေါင်း ၁၃၅ ဘီလီယံကျော် လှူဒါန်းခဲ့တဲ့ အတွက်လည်း နိုင်ငံတော်က “နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ လူမှုရေး အကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆုတွေကို ချီးမြှင့်ခြင်းခံရသလို အင်္ဂလန်နိုင်ငံ Euro-Money အဖွဲ့အစည်းကလည်း လူမှုရေး အကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု Euromoney Achievement Award for CSR ဆုတွေကိုလည်း ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရပါတယ်။

အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းက စင်ကာပူနိုင်ငံအခြေစိုက် Smile Asia ဆေးပညာအဖွဲ့နဲ့ပူးပေါင်းပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးပေါင်း ၂၈၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးခဲ့တဲ့အပြင် လူမျိုးဘာသာမရွေး သွေးလိုအပ်နေတဲ့ ဝေဒနာရှင်တွေကို သွေးများလှူဒါန်းပေးခဲ့ပါတယ်။

ဒေါ်နန်းလိုင်းခမ်းကို ဗြိတိန်နိုင်ငံအစိုးရ၊ နိုင်ငံခြားရေးနှင့် ဓနသဟာယနိုင်ငံများရုံးရဲ့ ထင်ရှားတဲ့ အစီအစဉ်တစ်ခုဖြစ်တဲ့ ကမ္ဘာတစ်ဝန်းမှ အနာဂတ် ခေါင်းဆောင်များကို ရွေးချယ် ဖိတ်ကြားခြင်းခံရကာ မြန်မာနိုင်ငံနှင့်အတူ ဩစတြေးလျ၊ ဘရာဇီး၊ ကိုလံဘီယာ၊ ကိုဆိုဘို၊ ကာဂျစ်စတန်၊ တရုတ်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ ဆားဘီးယား၊ ယူကရိန်းနှင့် ဥဇဘတ်ကစ္စတန်နိုင်ငံတို့မှ ကိုယ်စားလှယ် ၁၂ ဦးနဲ့အတူ တက်ရောက်ခဲ့ရပါတယ်။

အထူးသဖြင့် ပိုမိုလေးစား ဂုဏ်ယူထိုက်တဲ့ အလှူတစ်ခုကတော့ ရေအလှူပါပဲ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ရေလှူဒါန်းခြင်းဟာ အလွန်တရာမွန်မြတ်သန့်စင်ပြီး အကျိုးထူးတရား ၁၀ ပါးကို ရရှိမှာဖြစ်ပါတယ်။ သောက်သုံးရေ အခက်အခဲဖြစ်နေတဲ့၊ အလွန်တရာ သွားလာရေးခက်ခဲတဲ့ ဒေသတွေနဲ့ ရှမ်းပြည်နယ်၊ ညောင်ဦးခရိုင်တွေမှာလည်း အဝီစိတွင်းတွေ တူးဖော်ခြင်း၊ ရေသယ်ယာဉ်လှူဒါန်းခြင်းတွေလည်း ပြုလုပ်ခဲ့ပြီး ဖောင်ဒေးရှင်းရဲ့ စေတနာကို အပြောမဟုတ်အလုပ်ဖြင့်သက်သေပြနိုင်ခဲ့ပါတယ်။

တောင်သူဦးကြီးတွေနဲ့ပတ်သက်ပြီး ရာသီဥတု ဖောက်ပြန်လို့ ကျွဲ၊ နွားတိရစ္ဆာန်တွေ ဆုံးရှုံးခဲ့တဲ့သူတွေကို လူတစ်ဦးကို ခိုင်းနွားတစ်ကောင်၊ ငွေ ၁၀ သိန်းလှူဒါန်းခဲ့ပါသေးတယ်။


### ရှိတော့ရှိတယ် ရှားတယ်

နိုင်ငံသူနိုင်ငံသားတွေ စိုးရိမ်တကြီးဖြစ်နေကြတဲ့ ရခိုင်ပြည်နယ်ကိစ္စမှာလည်း တပ်မတော်၊ ပြည်သူ့ရဲတွေ၊ ပြည်သူတွေနဲ့ ပူးပေါင်းပြီး နှစ်လတာ အချိန်လေးမှာ ကျပ်သိန်းပေါင်း ၆၅၁၆၀ ကို လိုအပ်တဲ့ နေရာတွေမှာ လှူဒါန်းခဲ့ပါသေးတယ်။ ကမ္ဘောဇဘဏ်ရဲ့ သတင်းစကားကတော့ ပြောမဆုံးပေါင် တောသုံးတောင် ဆိုသလိုပါပဲ။ အခုလည်း ကြည့်ပါဦး။ ဘယ်မှာလှူလိုက်ပြန်ပြီ ကမ္ဘောဇ၊ ဘယ်မှာ အခမဲ့ဆေးကုလိုက်ပြန်ပြီ ကမ္ဘောဇ၊ ပြည်သူအကျိုးပြု လုပ်ငန်းတွေ လုပ်လိုက်ပြန်ပြီဆိုလည်း ကမ္ဘောဇဆိုတဲ့ အသံက ကမ္ဘာမြေပြင်ကြီး တုန်ဟည်းသွားသလို နားနဲ့မဆံ့အောင် ကြားနေရပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ SME ကဏ္ဍဟာ အရေးကြီးတဲ့အတွက် SME ဖွံ့ဖြိုးတိုးတက်စေဖို့ လုပ်ငန်းရှင်တွေကို ကမ္ဘောဇမှ ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် ကမ္ဘောဇဥက္ကဋ္ဌကြီးမိသားစုက တိုင်းပြည်နဲ့ ပြည်သူတွေကို လိုအပ်တဲ့ နေရာ၊ လိုအပ်တဲ့ အချိန်တိုင်းမှာ အချိန်နဲ့တစ်ပြေးညီ စွမ်းဆောင်ပေးနိုင်လို့ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များမှာ အဓိကနေရာက ပါဝင်ဆောင်ရွက်ကူညီပေးနိုင်လို့ သူလိုပုဂ္ဂိုလ်မျိုး ရှိတော့ရှိတယ် ရှားတယ်လို့ ဆိုလိုက်ချင်ပါတယ်။ ။

## (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ



**မြစ်ကြီးနား နိုဝင်ဘာ ၉**

မြစ်ကြီးနားမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ (၉၇) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာ ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း နိုင်ငံ့ရတနာ ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် စာစီစာကုံး ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း အဆင့် ကျောင်းသား ကျောင်းသူ ၃၈ ဦးက အမျိုးသားနေ့နှင့် လူငယ်များ၏ တာဝန်၊ အခြေခံပညာ အလယ်တန်း အဆင့် ကျောင်းသား ကျောင်းသူ ၃၇ ဦးက “အမျိုးသားနေ့ တို့မမေ့”နှင့် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦးက “အမျိုးသားနေ့” ခေါင်းစဉ်တို့ဖြင့် အသီးသီး ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြပြီး ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၊ အလယ်တန်း အဆင့် ၂၄ ဦးနှင့် မူလအတန်းအဆင့် ၁၈ ဦးတို့က (၉၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်နှင့် ထင်ဟပ်စေမည့် ပန်းချီကားများအား ရေးဆွဲယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲများသို့ မြစ်ကြီးနားမြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ခံ ဆရာကြီး ဦးမြင့်ဦး၊ ကျောင်းအုပ်ဆရာကြီး ဦးစိန်လွင်နှင့် တာဝန်ရှိသူတို့က လှည့်လည်ကြည့်ရှုအားပေးပြီး ဆုရကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် (၉၇)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

## ပျဉ်းမနားမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပထမအကြိမ် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီက ငကောင်းကံကျေးရွာအုပ်စု ဝက်စုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့် မိသားစုဝင်ငွေတိုးပွားလာစေရေး အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာရှိ မြစိမ်းရောင်အသင်းသား အသင်းသူများအား ပထမအကြိမ်ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးမှ အသင်းဝင် ၈၃ ဦးအတွက် ချေးငွေ ကျပ် ၂၉၄ သိန်းအား ကျေးရွာမြစိမ်းရောင်စီမံကိန်း ဥက္ကဋ္ဌထံ လွှဲပြောင်းပေးသည်။

မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ပေးရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် စိုက်ပျိုးရေး တစ်ဧကကို ကျပ် တစ်သိန်း၊ မွေးမြူရေးအနေဖြင့် နွား၊ ကျွဲ တစ်ကောင်လျှင် ကျပ် သုံးသိန်း၊ ဝက်တစ်ကောင်ကို ကျပ် တစ်သိန်း၊ ရောင်းဝယ်ရေး (ကုန်စုံဆိုင်)အား ကျပ်တစ်သိန်းနှင့် အသက်မွေးဝမ်းကျောင်း အနေဖြင့် ဆိုင်ကယ်(ကယ်ရီ)တစ်စီးကို ကျပ် နှစ်သိန်း ထုတ်ချေးကြောင်းနှင့် ယခုကျေးရွာမှ စိုက်ပျိုးရေး ၄၂ ဦး၊ မွေးမြူရေး ၃၁ ဦးနှင့် အသက်မွေးဝမ်းကျောင်းအတွက် ငါးဦး စုစုပေါင်း ၈၃ ဦးအား ပထမအကြိမ် ထုတ်ချေးခြင်းဖြစ်ကြောင်းနှင့် အတိုးနှုန်းထားမှာ တစ်ကျပ်ဖြစ်ပြီး ချေးငွေ ကာလ ၁၂ လ ဖြစ်ကာ အတိုးများကို သုံးလတစ်ကြိမ် ကောက်ခံ၍ ၁၂ လပြည့်ချိန်တွင် အတိုးအရင်းပါပေးဆပ်ရန်နှင့် ကျေးလက်နေပြည်သူများကို ချေးငွေပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်ပြုလုပ်မည့်သူများကိုသာ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**





## တာတေကြီးဇာတ်ကားမှာ မျှော်လင့်မထားတဲ့ သရုပ်ဆောင်မှုတွေ မြင်တွေ့ရမယ်ဆိုတဲ့ နေတိုး

ရုံတင်ပြသခြင်းမပြုခင်ကတည်းက ပရိသတ်စိတ်ဝင်စားမှုမြင့်မားနေတဲ့ 'တာတေကြီး' ရုပ်ရှင်ဇာတ်ကားမှာ မိန်းမလျာတစ်ယောက်အဖြစ် သရုပ်ဆောင်ထားတဲ့ အကယ်ဒမီ နေတိုးက ဒီဇာတ်ကားအပေါ် သူ့ရဲ့ ခံစားချက်တွေကို အခုလိုပဲပြောပြခဲ့ပါတယ်။

ဒီဇာတ်ကားက သရဲကား ဆိုပေမယ့် ပရိသတ် ကြိုက်နှစ်သက်မယ့် ကားပါ။ အချိန်လည်း တော်တော်လေးပေးခဲ့ရတဲ့ဇာတ်ကားလည်း ဖြစ်တယ်၊ နောက်တစ်ခုက ပရိသတ် မျှော်လင့်မထားတဲ့ ကျွန်တော့်ရဲ့ သရုပ်ဆောင်မှုပုံစံတွေကို တွေ့ရမယ့် ကားတစ်ကားဆိုလည်းမမှားပါဘူး၊ ကျွန်တော်ရိုက်တဲ့ ကားတွေထဲမှာ ဘဝ၊ ထိတ်လန့်စရာတွေနဲ့ ဒရာမာရောထားတဲ့ ကားမျိုးက တော်တော်ရှားပါတယ်၊ ဒီကားက ပထမဆုံးကားလို့တောင် ပြောရင် ရပါတယ်၊ ဒီကားမှာ ကျွန်တော် သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်ပုံစံက ပင်ပန်းတဲ့ ဇာတ်ရုပ်တစ်ခုလည်းဖြစ်တယ်၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ စကားအပြောအဆိုတွေကအစ ပုံမှန်ကားတွေထက်ကို ပိုပြီးတော့ ဂရုတစိုက်နဲ့ သရုပ်ဆောင်ခဲ့ရတဲ့ ကားပါ။ တာတေဇာတ်ရုပ်ကိုပီပြင်အောင် သရုပ်ဆောင်နိုင်ဖို့အတွက် မိန်းမလျာတွေရဲ့ အမူအကျင့်တွေကို အချိန်အများကြီးယူပြီး လေ့လာသင်ယူခဲ့ရပါတယ်၊ အစစအရာရာ သေချာအချိန်ယူပြင်ဆင်ပြီးမှ ရိုက်ခဲ့တဲ့ ဇာတ်ရုပ်တစ်ခုဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်မိသလို ဒီကားကို ကြည့်ရှုကြမယ့် ပရိသတ်တွေလည်း ကျေနပ်ကြမယ်ထင်ပါတယ်" လို့ နေတိုးက တာတေကြီးရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီး ပြောပြခဲ့ပါတယ်။

လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝိုင်း ရိုက်ကူးထားတဲ့ ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားကြသူတွေကတော့ နေတိုး၊ ရွှေသမီး၊ ဇော်ဦး၊ လူမုန်း၊ အောင်မိုး၊ ကိုကိုဦး၊ နွဲ့နွဲ့စမ်းနဲ့ သိင်္ဂီထွန်း တို့ ဖြစ်ကြပါတယ်။

မေနှင်းဆီ



## ဒုတိယအနမ်း၊ ဒုတိယအလွမ်းနဲ့ ပရိသတ်အဆုံးအဖြတ်ကို ခံယူမယ့် ထျန်ခေး

အိပ်မက်ဆုံရာ တေးဆိုပြိုင်ပွဲကတစ်ဆင့် ဂီတလောကထဲကို ဝင်ရောက်လာခဲ့သူ တေးသံရှင် ထျန်ခေးရဲ့ ဒုတိယမြောက်တေးစီးရီး ဖြစ်တဲ့ ဒုတိယအနမ်း၊ ဒုတိယအလွမ်း အမည်ရှိ တေးစီးရီးကို နိုဝင်ဘာ ၈ ရက်က စတင်ဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ ဒီစီးရီးနဲ့ ပတ်သက်ပြီး ထျန်ခေးက အခုလိုပဲ ပြောပြခဲ့ပါတယ်။

"ပထမအခွေတုန်းက ကျွန်တော့်အနေနဲ့ အတွေ့အကြုံလည်း ဘာမှမရှိခဲ့ဘူး၊ ဒါပေမယ့် အများကြီး ကြိုးစားပြီးတော့ လုပ်ခဲ့တယ်၊ အဲဒီအခွေလေးကလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့တဲ့အတွက် ကျေနပ်ခဲ့ရပါတယ်၊ အဲဒါကြောင့် ဒုတိယအခွေမှာ ပထမခွေထက် ပိုပြီးတော့ အားစိုက်လုပ်ခဲ့တယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အားရတယ်၊ တေးရေးတွေဆိုလည်း ကျွန်တော့်စိတ်ကြိုက် တေးရေးတွေပါပဲ၊ သီချင်းပုံစံတွေက အချစ်သီချင်းလေးတွေ၊ အလွမ်းသီချင်းလေးတွေ များပါတယ်၊ စိတ်နှစ်ပြီး လုပ်ထားတဲ့ အခွေဖြစ်တဲ့အတွက် ပရိသတ်တွေလည်း ကြိုက်နှစ်သက်ကြမယ်လို့ ထင်ပါတယ်၊ ဒီအခွေရဲ့ ရလဒ်ကတော့ ပရိသတ်ရဲ့ အဆုံးအဖြတ်အပေါ်မှာပဲ မူတည်ပါတယ်" လို့ တေးသံရှင် ထျန်ခေးက ပြောပြခဲ့ပါတယ်။

ဒီစီးရီးမှာတော့ တေးသံရှင် ထျန်ခေး ကိုယ်တိုင်ရေးသားထားတဲ့ တေးသီချင်းတွေပါဝင်သလို အခြားတေးရေးဆရာတွေ ဖြစ်ကြတဲ့ ဂျပ်ဆင်ပေါလ်၊ ရဲကျော်သူ၊ ဘရန်မိုင်၊ နေလင်းအောင်၊ ဖိုးသူနဲ့ စိုင်းလင်းခေးတို့က ပါဝင်ရေးသားပေးထားကြပါတယ်။

ရှမ်းတိုင်းရင်းသားတစ်ဦးဖြစ်သူ တေးသံရှင် ထျန်ခေးဟာ ၂၀၁၄ ခုနှစ်မှာ ရိုးသားခြင်းရလဒ်အမည်ရှိ ပထမဆုံးတေးစီးရီး ထွက်ရှိခဲ့သူဖြစ်သလို ဒါရိုက်တာအနေနဲ့လည်း တေးဗီဒီယိုတွေ ဖန်တီးကာ လူငယ်ပရိသတ်အားပေးမှုရရှိထားသူလည်း ဖြစ်ပါတယ်။

မေနှင်းဆီ



## ဘရစ်တနေစပီးယားစ်ရဲ့ ပန်းပွင့်ပုံရေဆေးပန်းချီကားကို အမေရိကန်ဒေါ်လာ တစ်သောင်းနဲ့ ရောင်းချ

ပေါ့ပ်ကြယ်ပွင့် ဘရစ်တနေစပီးယားစ် ရေးဆွဲထားတဲ့ ပန်းပွင့်ပုံရေဆေးပန်းချီကားကို လတ်တလောမှာ အမေရိကန်ဒေါ်လာ တစ်သောင်းနဲ့ ရောင်းချခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို တန်ဖိုးကြီးကြီးနဲ့ ရောင်းချခဲ့ရတဲ့ ပန်းချီကား ရောင်းရငွေတွေကိုတော့ ဘရစ်တနေစပီးယားစ်က ပြီးခဲ့တဲ့လအတွင်းက ဖြစ်ပွားခဲ့တဲ့ လာ့စ်ဗီးဂတ်စ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရမှုအတွင်း ဆုံးရှုံးခဲ့ရတဲ့သူတွေအတွက် အမှတ်တရ လှူဒါန်းသွားမှာဖြစ်ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၃၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေးသံရှင် ဘရစ်တနေစပီးယားစ် ရေးဆွဲခဲ့တဲ့ ပန်းချီကားမှာ ပန်းရောင် ပန်းပွင့်သုံးပွင့်နဲ့ အပြာရောင်ပန်းပွင့်နှစ်ပွင့် ပါဝင်နေတာတွေ့ရပါတယ်။ ယင်းပန်းချီကားဟာ ပေါ့ပ်ကြယ်ပွင့်ရဲ့ ပန်းချီအရည်အချင်းကို လှစ်ဟပြနေတာဖြစ်ပြီး သူရေးဆွဲခဲ့တဲ့ ပန်းပွင့်တွေရဲ့ အဓိပ္ပာယ်နဲ့ပတ်သက်ပြီးလည်း မကြာသေးမီက ဗီဒီယိုဖိုင်တစ်ခုကနေတစ်ဆင့် ဘရစ်တနေစပီးယားစ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သူ့ရဲ့အဆိုအရ ယင်းပန်းပွင့်တွေဟာ အသစ်ကနေပြန်လည်စတင်ပွင့်လန်းခြင်းကို ရည်ရွယ်ပုံဖော်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဘရစ်တနေစပီးယားစ်ရဲ့ ပန်းချီကားကို အနုပညာ သတင်းထောက်တစ်ဦးဖြစ်ပြီး "Lifestyles of the Rich and Famous"ကို စီစဉ်တင်ဆက်သူ တစ်ဦးအဖြစ်လည်း ကျော်ကြားတဲ့ ရော်ဘင်လိချ်က အမေရိကန်ဒေါ်လာ တစ်သောင်းနဲ့ ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ဒီလိုအောင်မြင်စွာ ဝယ်ယူနိုင်ခဲ့တဲ့အပေါ် ရော်ဘင်က ဂုဏ်ယူနေပြီး ပန်းချီကားနဲ့အတူ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့်**





## ယခုနှစ်ရဲ့ တစ်နှစ်တာအကောင်းဆုံးတေးသီချင်းဆုကို ဆွတ်ခူးခဲ့တဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ တေလာဆွစ်ဟာ တေးဂီတလောကကို စတင်ဝင်ရောက်စဉ်က ကျေးလက်ရိုးရာတေးသီချင်းတွေကို သီဆိုတဲ့ ကန်းထရီးတေးသံရှင်တစ်ဦးအဖြစ် စတင်ကျော်ကြားခဲ့တာဖြစ်ပါတယ်။ တေလာဆွစ်ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ ယခုနှစ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ ကန်းထရီးတေးဂီတဆုပေးပွဲမှာလည်း တစ်နှစ်တာအတွက် အကောင်းဆုံးတေးသီချင်းဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

တေလာဆွစ်အနေနဲ့ ကန်းထရီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Little Big Town"အတွက် ရေးသားစပ်ဆိုပေးခဲ့တဲ့ တေးသီချင်း "Better Man"ဟာ ယခုနှစ်ရဲ့ "CMA Awards"ဆုပေးပွဲကြီးမှာ တစ်နှစ်တာရဲ့ အကောင်းဆုံးတေးသီချင်းအဖြစ် ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။ တေးရေးတစ်ဦးအဖြစ် ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ တေလာဆွစ်က ပြီးခဲ့တဲ့ နိုဝင်ဘာ ၈ ရက်မှာ ကျင်းပခဲ့တဲ့ ဆုပေးပွဲညမှာတော့ ထူးချွန်ဆုကို ကိုယ်တိုင်တက်ရောက်လက်ခံနိုင်ခဲ့ခြင်းမရှိတာကြောင့် သူ့ကိုယ်စား "Little Big Town"တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သလို တေလာနဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ကာလီကလေ့စ်က ဆုလက်ခံရယူခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ကိုယ်စားဆုလက်ခံရယူခဲ့ပြီးနောက် အမှတ်တရစကားပြောကြားချိန်မှာ "Little Big Town" တေးဂီတအဖွဲ့ဝင်က တေလာဆွစ်ကို လှပပြီး ချစ်စရာကောင်းတဲ့ တေးသီချင်းတစ်ပုဒ် ရေးသားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့တာကိုလည်း သိရပါတယ်။ တေလာဆွစ်ကလည်း နိုဝင်ဘာ ၉ ရက်မှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ယင်းထူးချွန်ဆုနဲ့ပတ်သက်ပြီး ဆုပေးပွဲ ကျင်းပပေးခဲ့တဲ့ "CMA Awards" အဖွဲ့အစည်းနဲ့ "Little Big Town"တေးဂီတအဖွဲ့ကို ကျေးဇူးတင်ရှိကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ (၅၁)ကြိမ်မြောက် ကျင်းပခဲ့တဲ့ ယခုနှစ်ဆုပေးပွဲမှာ ဆုတက်ရောက်လက်ခံနိုင်ခြင်းမရှိခဲ့ပေမယ့် ယမန်နှစ်က ကျင်းပခဲ့တဲ့ အဆိုပါ ဆုပေးပွဲကို တက်ရောက်ကာ တစ်နှစ်တာအတွက် အကောင်းဆုံးဖျော်ဖြေတင်ဆက်သူဆုကို ချီးမြှင့်ပေးခဲ့ပါတယ်။ ယင်းထူးချွန်ဆုဟာ တေလာဆွစ်ရဲ့ ဂီတခရီးတစ်လျှောက် နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ပြီးဖြစ်တဲ့ ထူးချွန်ဆုလည်း ဖြစ်တယ်လို့ သိရပါတယ်။

တေလာဆွစ်ဟာ လက်ရှိမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး အလုပ် များနေတာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ကိုတော့ လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း တေလာဆွစ်က ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ "Reputation"လို့ အမည်ပေးထားတဲ့ ယင်းတေးအယ်လ်ဘမ်သစ်ဟာ တေလာဆွစ်ရဲ့ ခြောက်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

**အေးပြည့်**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနနှင့် Humanitarian and Resilience Program အဖွဲ့တွေ့ဆုံ

**ဘားအံ နိုဝင်ဘာ ၉**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနနှင့် Humanitarian and Resilience Program အဖွဲ့တို့သည် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ပြည်ထောင်စုဧည့်ရိပ်သာ၊ ပဒိုဒေးဗစ်တောခန်းမ၌ တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာသူများ အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံရာတွင် Humanitarian Advisory Group ၏ Director Ms,Kate Sutton က တစ်ဖက်နိုင်ငံဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာသူများ၏ အခြေအနေနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က နေရပ်စွန့်ခွာသူများ ပြည်တွင်းပြန်လည်အခြေချနေထိုင်မည်ဆိုပါက တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ကူညီထောက်ပံ့ပေးပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ နေထိုင်ရန် တန်ဖိုးနည်းအိမ်ရာများအတွက် မြေနေရာချထားပေးနိုင်ပါကြောင်း၊ လိုအပ်သည့် သက်မွေးပညာ သင်တန်းများအား တိုက်ရိုက်ကူညီဆောင်ရွက်ပေးပါက သင့်တော်မည်ဖြစ်ကြောင်း၊ ပြန်လာသည့်သူများအား နိုင်ငံသားမှန်ကန်ကြောင်း စိစစ်၍ အချိန်မရွေးကြိုဆိုပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်ဆေးစက်ဖြင့် ပြည်သူများ ကျောက်ကပ်ဆေး ကုသနိုင်

**တာချီလိတ် နိုဝင်ဘာ ၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ကျောက်ကပ်ဆေးစက်ဖြင့် နိုဝင်ဘာ ၈ ရက် နံနက်က ကျောက်ကပ်ဆေးခြင်းကို စတင် ကုသဆောင်ရွက်ပေးကြောင်း သိရသည်။

ကျောက်ကပ်သွေးသန့်စင်စက်သည် ကျောက်ကပ်နှစ်ခုစလုံးပျက်စီးပြီး နာတာရှည်လူနာများ၊ ဆီးအဆိပ်တက်သော လူနာများ၊ ခန္ဓာကိုယ်တစ်ခုလုံး ဖောရောင်ပြီး အသက်ရှူကျပ်နေသောလူနာများကို နိုင်ငံတကာနှုန်းအရ တစ်ပတ်လျှင် နှစ်ကြိမ် ယင်းစက်ဖြင့် ဆေးပေးရကြောင်း၊ တစ်ကြိမ်ဆေးလျှင် အချိန် လေးနာရီကြာမြင့်ကာ၊ တစ်နာရီလျှင် အညစ်အကြေးအရည် ၆၂၀ စီစီ/ml ထွက်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၈ ရက် နံနက်က ကျောက်ကပ်ဆေးစက်ဖြင့် ပထမဆုံးလူနာ တစ်ဦးအား ကျောက်ကပ်သွေးသန့်စင်ကုသခြင်းကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေဝင်းနှင့် ဝန်ထမ်းများက ကြီးကြပ် ကုသပေးပြီး ကျောက်ကပ်ဆေးစက် အလှူရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။



နယ်စပ်ဒေသဖြစ်သည့် တာချီလိတ်မြို့တွင် ယင်းကျောက်ကပ်ဆေးစက်ဖြင့် စတင်ကုသပေးနိုင်ပြီဖြစ်သဖြင့် ဒေသနေ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်း ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရေလဲတိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုကြည့်ရှုစစ်ဆေး

**ဇလွန် နိုဝင်ဘာ ၉**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရေလဲတိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ယင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေလဲတိုက်နယ်ဆေးရုံ ဆရာဝန် အိမ်ရာ နှစ်ခန်းတွဲ တစ်ထပ် (၆၆ပေ×၂၄ပေ×၁၂ပေ) ၊ သူနာပြု ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ တစ်ထပ် (၈၈ပေ×၂၄ပေ × ၁၂ပေ)၊ အမှုထမ်းဝန်ထမ်းအိမ်ရာ သုံးခန်းတွဲ တစ်ထပ် (၆၃ပေ × ၂၃ပေ ×၁၂ပေ) ဆောက်လုပ်ပြီးစီးမှု အခြေအနေအား စံချိန်စံညွှန်း ပြည့်မီစွာ ဆောက်လုပ်ထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယခုဆောက်လုပ်ပြီးစီးနေသော ဆရာဝန်အိမ်ရာ၊ သူနာပြုဝန်ထမ်းအိမ်ရာ၊ အမှုထမ်း ဝန်ထမ်းအိမ်ရာတို့သည် ၂၀၁၆ - ၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ်သိန်း ၁၃၈ ဒသမ ၆၂ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

# နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၉**
(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ရီရီဝင်းက အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီးဒေါ်နန်းအေးခိုင်က ဝူရှူးအားကစားနည်း (ချမ်းချွမ်)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော မြတ်သက်စုဝေဖြိုးနှင့် သေနတ်ပစ်အားကစားနည်း (၁၀) မီတာ လေပစ္စတိုပြိုင်ပွဲတွင်ရွှေတံဆိပ်ဆုရ မေပိုးဝါအား လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဒေါ်ရွှေစင်က အမျိုးသမီးပိုက်ကျော်ခြင်းအသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမား ခြောက်ဦးအား လည်းကောင်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်သက်မြတ်စိုးက ဝူရှူး(နန်းချွမ်)နှင့်(ချမ်းချွမ်) ပြိုင်ပွဲတွင်ငွေတံဆိပ်ဆုရရှိခဲ့ကြသော အေးသစ္စာမြင့်နှင့် စန္ဒီဦးတို့အား လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်ခင်မျိုးနွယ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသောဂျူဒို ၇၈ ကီလိုတန်း ပြိုင်ပွဲမှ အေးအေးအောင်နှင့် Mixet Team Compound မြားပစ်ပြိုင်ပွဲမှ အောင်ငိုမ်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ချိုချိုလွင်က ကြေးတံဆိပ်ဆုရရှိခဲ့ကြသော ဝူရှူး (ကျန်းစု)ပြိုင်ပွဲမှ စန္ဒီဦးနှင့် ကရာတေးဒို (ကုမိတဲ့) ၆၁ ကီလိုတန်းတွင် မေသူချိုတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ရီရီဝင်းက တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော သက်မြတ်နိုးဝေ၊ ဒေစီဦးဂျူလိယက်နှင့် အမျိုးသမီးဖူဆယ်ဘောလုံးအသင်းတို့အား လည်းကောင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာမြသီတာက ပြေးခုန်ပစ်မီတာ ၈၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သော ရွှေလီမြင့်နှင့် အမျိုးသမီးပိုက်ကျော်ခြင်း အသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အေးအေးရွှေ က ကြေးတံဆိပ်ဆုရရှိခဲ့သော ကရာတေးဒိုအသင်းလိုက်ပြိုင်ပွဲဝင် လေးဦးနှင့် ကြေးတံဆိပ်ဆုရရှိခဲ့သောအမျိုးသမီးဘောလုံးအသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒေါ်ဖြူဖြူစိမ်း၊ ဒေါက်တာဖြူစင်ခိုင်၊ ဒေါက်တာစန်းစန်းဝင်း၊ ဒေါက်တာသန်းမြတ်စိုးတို့က (၉)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် သံလုံးပစ်၊ သံပြားပစ်၊ မီတာ(၄၀၀)၊ မီတာ (၂၀၀) ပြေးခုန်ပစ်၊ အလေးမ၊ စစ်တုရင်တစ်ဦးချင်း၊ အနေးရွှေ့အသင်းလိုက်၊ အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲတို့တွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိခဲ့ကြသော မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်ရွှေစင်က မသန်စွမ်း အားကစားသမားများအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ စီဖြင့် ၁၀ ဦးအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုရအားကစားသမားများကိုယ်စား ဝူရှူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သော မြတ်သက်စုဝေဖြိုးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများ ပေးအပ်ရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်ဒေါ်ချိုချိုလွင်တို့က လှူဒါန်းငွေ များကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အားကစားသမားများအား ပေးအပ်ချီးမြှင့်ငွေစုစုပေါင်း ၁၀၆ သိန်း ၄ သောင်းနှင့် စေတနာရှင် အလှူရှင်များထံမှ လှူဒါန်းရရှိငွေစုစုပေါင်း ၁၁၅ သိန်း ဖြစ်ကြောင်း



သိရသည်။

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းရေး အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)ဦးအောင်ဒင်နှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၏ဇနီး ဒေါ်နန်းအေးခိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကဒေါ်ရွှေစင်၊ ဒုတိယဥက္ကဋ္ဌဒေါ်ရီရီဝင်း၊ ဒုတိယဥက္ကဋ္ဌဒေါ်ချိုချိုလွင်နှင့် အမှုဆောင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အလှူရှင်များ၊ ဆုရအမျိုးသမီးအားကစားသမားများ တက်ရောက်ကြသည်။

**ကြေးမုံ**

KBZ BANK
STRENGTH OF MYANMAR

နိုင်ငံတော်၏စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်
ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန် ရည်ရွယ်၍
ပြည်သူများ၏ တစ်ခဲနက် ထောက်ခံအားပေးမှုနှင့်အတူ

**ကမ္ဘောဇဘဏ်လီမိတက် ၏**

# "ဘဏ်ခွဲ (၅၀၀)မြောက်"

## "ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ" ကို

၁၀ . ၁၁ . ၂၀၁၇ (သောကြာနေ့) တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ရန်ကုန်ဘဏ်ခွဲ (၁၃၀)၊ အနော်ရထာလမ်းနှင့်ရွှေတိဂုံဘုရားလမ်းထောင့်ဘဏ်ခွဲ
အမှတ်(၁၆–C/3)၊ အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဖုန်း) – ၀၁–၃၇၇၉၀၅၊ ၃၇၇၉၀၆
(ဖက်စ်) – ၀၁–၃၇၇၉၀၃၊ ၃၇၇၉၀၄

www.kbzbank.com

Luminarc™
Feel Creative

CREATION FRANCE

Introducing 2018's
# STYLISH NEW RANGE
9th to 22nd November, 2017

City Mart
City Mart Supermarket

**LUMINARC** Harena Jaune
10% Off
Ks.4200 ~ Ks.4400

**LUMINARC** Harena Orange
10% Off
Ks.4200 ~ Ks.4400

**LUMINARC** Harena Vert
10% Off
Ks.4200 ~ Ks.4400

**LUMINARC** Harena Black
10% Off
Ks.1600 ~ Ks.5300

**LUMINARC** Tempered Louison
10% Off
Ks.2500 ~ Ks.3500

**LUMINARC** Tempered Trompette
10% Off
Ks.3300 ~ Ks.7600

**LUMINARC** Essence Rose
10% Off
Ks.3500 ~ Ks.8000

**LUMINARC** Harena White
10% Off
Ks.1600 ~ Ks.5300

**LUMINARC** Romance Pink
15% Off
Ks.3300 ~ Ks.5500

**LUMINARC** Tempered Cadix
15% Off
Ks.1500 ~ Ks.1700

**LUMINARC** Ikumi Assiette
15% Off
Ks.3400 ~ Ks.3600

**LUMINARC** Evolution White
15% Off
Ks.1500 ~ Ks.2200

**LUMINARC** Drink Set Romantique 7Pcs
11100.ks
9500

**LUMINARC** Elise Drink Set 7Pcs
15300.ks
13000

**LUMINARC**
-Rotterdam Pitcher Jug
-Quadro Pitcher
-ARC Pitcher with Cover
0.5 Ltr/ 1.1Ltr
15% Off
Ks.3300 ~ Ks.5000

**LUMINARC** Carina Rainbow Cup & Saucer 6's 22CL
17900.ks
16100

**LUMINARC** Tempered
-New Morning Mug
-Essence White Mug
15% Off
Ks.1500 ~ Ks.1900

**LUMINARC** Tempered Vitro Clearline Round Casserole with Lip
-1Ltr/ 1.5Ltr/ 2Ltr/ 3Ltr
15% Off
Ks.26700 ~ Ks.40800

**LUMINARC** Vitro Round Casserole with Lid
-1Ltr/2Ltr/3Ltr
15% Off
Ks.26700 ~ Ks.40800

**CRYSTAL D'ARQUES**
-Vase 17cm/ 22cm
-Diamond Vase 27cm
15% Off
Ks.10300 ~ Ks.37200

Launch Promotion: 10% Off
(Terms & Conditions apply)

Rainbow Thanksgiving
11th November, 2017 - 3:00 pm to 5:00 pm
@ marketplace by City Mart Golden Valley Branch

# THE CENTRAL

## WHERE THE FINEST MEETS



## LIVE, WORK & PLAY IN THE HEART OF YANGON

**At the corner of Kabar Aye Pagoda Road and Kanbe Road**

The Central is designed to be a world-class mixed-use development with Yangon's furst retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်

The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ ခိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။



New release 1 bedroom unit at below $200,000

Developed by

MARGA LANDMARK

**ENQUIRY HOTLINE**

+959 777 773 770

**PROJECT LOCATION**

Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

**INFORMATION CENTER ADDRESS**

160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)


Asia General Holding Co., Ltd.
Key To Smart Power
Type Test Accredited by
KERI DEKRA tecnalia
" Leading Transformer and Switchgear Manufacturer in Myanmar "
HV / MV / LV
one stop solution
မြန်မာပြည်တွင် ပထမဆုံးနှင့် အကြီးဆုံးသော 230kV,
100 MVA အား Asia General Transformer Co.,Ltd
မှ အောင်မြင်စွာထုတ်လုပ်ခဲ့ ...
Technical Transfer Agreement with Mitsubishi
for power transformer up to 230 kV class
TYPE TEST CERTIFICATE
Successfully Passed Type Test accredited by DEKRA, Netherlands for 100 MVA, 230kV class and 30MVA, 66/11 kV power transformers.
Medium and Low voltage switchgear များအား
ABB (Italy) နည်းပညာများဖြင့် မြန်မာပြည်တွင်
Asia General Electric Co.,Ltd မှ ထုတ်လုပ်နေပါသည်။
CE Panel
kWh Meter Panel
Package Substation
Main Distribution Board
Capacitor Bank
Yangon Address - No. 501/503, Pyay Road, Kamaryut Township, Yangon, Myanmar.
Tel : (951) 2304273 / (951) 2304275 Fax: (951) 2304274/ (959) 8611036 / (959) 261009595 / (959) 456437337
Mandalay Address - No.(901), 78 Rd.(Ygn - Mdy) Rd. Theik Pan St & University St, Malar Aung Myae Tsp, Mandalay, Myanmar.
Tel : (+95) 9 762 005700, 9 772005700
Email - sales.ageh@ageholding.com, commercial.ageh@ageholding.com, https;//www.facebook.com / AsiaGeneralHolding.
Website - www.ageholding.com

# မန္တလေး မိုးလေဝသရေဒါစခန်း ဒီဇင်ဘာလတွင် ဖွင့်လှစ်မည်

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် တည်ဆောက်နေသည့် မိုးလေဝသရေဒါစခန်း တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးသွားပြီဖြစ်၍ ယခုနှစ်ကုန်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ ဦးကျော်လွင်ဦးက ပြောသည်။

အဆိုပါ ရေဒါစခန်းတည်ဆောက်ရာတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ အေဂျင်စီ၏ထောက်ပံ့ကူညီမှုဖြင့် ၂၀၁၅ ခုနှစ်ဒီဇင်ဘာလက စတင်ခဲ့၍ ယခုအခါ လုပ်ငန်းများပြီးစီးသွားပြီဖြစ်ရာ နိုဝင်ဘာ ၁ ရက်မှစ၍ ဌာနမှ အင်ဂျင်နီယာများကို ရေဒါကိရိယာနှင့် ပတ်သက်သည့် ပြုပြင်ထိန်းသိမ်းရေးနှင့် ကိုင်တွယ်သုံးစွဲခြင်းဆိုင်ရာတို့ကို သင်ကြားပေးနေကြောင်း သိရသည်။

"ရေဒါကိရိယာကို အသုံးပြုနိုင်ပြီဆိုရင် မြန်မာနိုင်ငံအထက်ပိုင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးထိ ရေဒါပုံရိပ်တွေ ဖမ်းမိနိုင်တယ်၊ အဲဒီပုံရိပ်တွေနဲ့ အထက်အညာဒေသမှာဖြစ်ပေါ်နိုင်တဲ့ မုန်တိုင်းတွေ၊ မိုးတိမ်တောင်တွေနဲ့ မိုးရွာသွန်းမှုအခြေအနေတွေကို ထုတ်ပြန်ပေးနိုင်တော့မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ✳**






စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

# နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ထင်ဟပ်နိုင်သည့် စာရင်းအင်းအချက်အလက်များ ပေါ်ထွက်လာစေရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၉**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs)ကို နိုင်ငံတကာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ မြန်မာနိုင်ငံ၌လည်း အမျိုးသားအဆင့် ဘက်စုံစီမံကိန်း၊ ဒေသန္တရနှင့် ကဏ္ဍအလိုက် ကာလတို၊ ကာလလတ်နှင့် ကာလရှည်ဖွံ့ဖြိုးမှုစီမံကိန်းများ အထူးသဖြင့် ငါးနှစ်စီမံကိန်း မဟာဗျူဟာ မူဘောင်အတွင်းတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ လုပ်ငန်းများကို မဟာဗျူဟာကျကျ အချိတ်အဆက်မိမိ ထည့်သွင်းအကောင်အထည်ဖော်ဆောင်နိုင်ရေးသည် အလွန်အရေးပါလျက်ရှိပါကြောင်း စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ယနေ့ မွန်းလွဲ ၂ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေး (၃/၂၀၁၇) နှင့် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် အစည်းအဝေး(၃/၂၀၁၇)တွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

# ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး ဇရိယာတိုးချဲ့ ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၉**

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာကို တတိယမြစ်ကျဉ်းထိပ်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်ရွာမှ ဒုတိယမြစ်ကျဉ်းထိပ်ဖြစ်သော ကချင်ပြည်နယ် ရွှေကူမြို့အထိ ထပ်မံတိုးချဲ့ဆောင်ရွက်သွားရန် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ထိန်းသိမ်းရေး ဇရိယာအဖြစ် တိုးချဲ့ဖို့ ရည်မှန်းထားတဲ့ဇရိယာကတော့ အကျယ်ပြန့်ဆုံးဖြစ်ပါတယ်၊ လင်းပိုင် အကောင်ရေကလည်း အများဆုံးဖြစ်တယ်၊ တတိယ မြစ်ကျဉ်းထိပ်ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်ရွာကနေ ဒုတိယမြစ်ကျဉ်း ထိပ်ဖြစ်တဲ့ ကချင်ပြည်နယ် ရွှေကူမြို့အထိ ထပ်မံတိုးချဲ့ ထူထောင်ဖို့ဆိုပြီး ရည်မှန်းထားတာရှိပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဟန်ဝင်းက ပြောသည်။

"လင်းပိုင်တွေက မန္တလေးနဲ့ ဗန်းမော်ကြားမှာ ကျက်စားကြပါတယ်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှာတော့ မန္တလေးနဲ့ ကျောက်မြောင်းကြားကို လင်းပိုင်ထိန်းသိမ်းရေးဇရိယာ သတ်မှတ်ပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့နဲ့ ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး လေ့လာရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။

လင်းပိုင်တွေရဲ့ ကျက်စားမှုကို ကြည့်မယ်ဆိုရင် မန္တလေးနဲ့ ကျောက်မြောင်းကြားမှာ ကျက်စားမှု တစ်ခု၊ မလယ်နဲ့ ရွှေဂူကြားမှာကျက်စားမှု တစ်ခု၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



